# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် ၂၀၁၉ ခုနှစ်၊ မေ ၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၁)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး **H.E. Mr. Wouter Jurgens** နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# မြန်မာ - အိန္ဒိယ ချစ်ကြည်ရေး မဏ္ဍပ်ပူရ်မြစ်ကူး (ဒါတ်တား)တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာ - အိန္ဒိယချစ်ကြည်ရေး စီမံကိန်းအရ အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယအကြိမ် အထောက်အပံ့ ရန်ပုံငွေကျပ်သန်း ၅၁၀ ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ချင်းပြည်နယ် တီးတိန်မြို့နယ် မဏ္ဍပ်ပူရ်မြစ်ကူး (ဒါတ်တား)(၃၀၀ × ၁၄) ပေ သံမဏိသံပေါင် ကြိုးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ တံတား၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sauraid Kumar၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ◆


**မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း ဒုတိယနေ့ ဆက်လက်ကျင်းပ**


*စာမျက်နှာ - ၉*



C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

မြန်မာ့အလင်း

# ကမ္ဘာ့အလယ်တင့်တယ်နိုင်ဖို့

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး သုံးရပ်တွင် ပါဝင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး ပြုပြင်ပြောင်းလဲမှုတွင် လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ CSO များ၊ NGO များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် မီဒီယာများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရမည် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မေ ၃ ရက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ၌ လမ်းညွှန်မှာကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ကြရမည့် ပြုပြင်ပြောင်းလဲမှုတွင် အားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် လိုက်ပါဆောင်ရွက်ရေးအတွက် တွေ့ဆုံပွဲတိုင်းတွင် နိုင်ငံတော်သမ္မတက တိုက်တွန်းမှာကြားမြဲဖြစ်သည်ကို သတိမူမိကြမည်ဖြစ်သည်။ စင်စစ်အားဖြင့်လည်း ပစ္စက္ခကာလသည် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး နေမြဲစိတ်ဓာတ်မျိုး၊ နေမြဲလုပ်ရပ်မျိုးတို့ဖြင့် နေမြဲအတိုင်း နေ၍မရသောကာလဖြစ်သည်။ ဒေသတွင်း ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်လျှင်ပင် ဆယ်စုနှစ်များစွာ နောက်ကျကျန်ရစ်ခဲ့သည့် အခြေအနေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်၊ အခက်အခဲ၊ အဟန့်အတားစိန်ခေါ်မှု များစွာကြားမှ ခက်ခက်ခဲခဲဆောင်ရွက်နေရသော အခြေအနေတို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကာလက ဗိုလ်ချုပ်အောင်ဆန်း၏ အမှာစကားများသည်လည်း အံဝင်ခွင်ကျဖြစ်နေဆဲ။

“ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း လေး၊ ငါး၊ ဆယ်လှမ်းလှမ်းလိုက်နိုင်မှ၊ အဲဒီလိုလုပ်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူ ညီတူဖြစ်သွားမယ်”ဟူ၍ ဗိုလ်ချုပ်က မှာကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လုံ့လဝီရိယရှိရှိဖြင့် ပန်းတိုင်ရောက်သည်အထိ အားထုတ်လုပ်ကိုင်ရေး၊ စိတ်ဓာတ်မြင့်မားရေး၊ ခြိုးခြံချွေတာရေး၊ စည်းလုံးညီညွတ်ရေး၊ စည်းကမ်းရှိရေး၊ အကျင့်ဆိုး အကျင့်ဟောင်းများကို ပြင်ကြရေးတို့ကိုပါ နားထဲစွဲစေသည်အထိ မှာကြားခဲ့သည်။

မိမိတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူအကျိုးသယ်ပိုးရေးထက် မိမိကိုယ်ကျိုးနှင့် မိမိမိသားစု ကြွယ်ဝရေးကိုသာ ဦးစားပေးနေသလား၊ ပြုပြင်ပြောင်းလဲရေးထက် လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဝတ်ကျေတမ်းကျေ ဆောင်ရွက်နေသလား၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုတို့ကို မစွန့်လွှတ်နိုင်ဘဲ ယူမြဲပေးမြဲ စားမြဲအတိုင်း စားနေသလား စသည်ဖြင့် ဌာနတိုင်း၊ ဝန်ထမ်းတိုင်းက ဆန်းစစ်ပြုပြင်နေကြဖို့လိုမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီရင်ခံစာအရမူ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စားမှုများ သိသိသာသာကျဆင်း သွားခြင်းမရှိသေး။ အကျင့်ဆိုး အကျင့်ဟောင်းတို့ကို သိသိသာသာ မပြင်နိုင်သေး။ စိတ်နေစိတ်ထား ခံယူချက်တို့ သိသိသာသာ ပြောင်းလဲမလာသေး။

အကျင့်ပျက်မှုများ ထူပြောသည်နှင့်အမျှ နိုင်ငံရုန်းထနိုင်ရန် ခက်လိမ့်မည်ဖြစ်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများရော ပြည်သူများကပါ အကျင့်ပျက်မှု၊ စည်းပျက် ကမ်းပျက်နိုင်မှုတို့ကို မိမိတို့၏ လူမှုအသိုက်အဝန်းမှ ရှင်းလင်းဖယ်ရှားကြရန် လိုအပ်မည်ဖြစ်သည်။ စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာ ခွန်အား ကောင်းစွာတို့ဖြင့် ပြုပြင်ပြောင်းလဲမှုတို့ကို မဖြစ်မနေ အကောင်အထည်ဖော်နိုင်ပါမှ နိုင်ငံရော လူမျိုးပါ ကမ္ဘာ့အလယ် တင့်တယ်နိုင်မည် ဖြစ်ပါကြောင်း။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း အမျိုးသားအဆင့် ညှိနှိုင်းအကြံပြု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၈**

ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း(Bay of Bengal Large Marine Ecosystem-BOMLME) အမျိုးသားအဆင့် ညှိနှိုင်းအကြံပြု အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ M- Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အစားအစာ အာဟာရဖူလုံပြည့်ဝစေမှု၊ ကျေးလက်လူထုများစွာတို့၏ အသက်မွေး လုပ်ငန်းတိုးတက်မြင့်မားစေမှုနှင့် ဝင်ငွေတိုးပွားစေမှုတို့အပေါ် ငါးလုပ်ငန်းသည်လည်း တစ်ခန်းတစ်ကဏ္ဍက အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတများရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် နှစ်ပေါင်းများစွာစီမံခန့်ခွဲနိုင်သည့် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်ရေးနှင့် နည်းပညာတိုးမြှင့်ရေးတို့ကို မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းဖွံ့ဖြိုးမှုအတွက် အကြံဉာဏ်များ ရယူနိုင်စေရန်၊ BOMLME အဆင့်-၂ စီမံကိန်းကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် လုပ်ငန်းစဉ်များ ချမှတ်ဖော်ထုတ်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ ယင်းနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်မော်က ပြောသည်။




ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီး စီမံကိန်းအမျိုးသားအဆင့် ညှိနှိုင်းအကြံပြုအလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

ပင်လယ်ကမ်းခြေဒေသအတွင်းရှိ ပြည်သူတို့၏ နေထိုင်မှုဘဝ တိုးတက်မြင့်မားရေး၊ ဘင်္ဂလားပင်လယ်အော် ပတ်ဝန်းကျင်၏ ဒေသဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းကောင်းများ တိုးတက်စေခြင်းဖြင့် ကမ်းရိုးတန်းဒေသများတွင် မှီတင်းနေထိုင်နေကြသူများ၏ လူမှုဘဝနှင့် အဏ္ဏဝါငါးလုပ်ငန်းကဏ္ဍတို့ကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ စသည့်ဘင်္ဂလားပင်လယ်အော်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်သည့် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်း (BOMLME) ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း စီမံကိန်းအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောသည်။

BOMLME စီမံကိန်း၏ လုပ်ငန်းစဉ် အစိတ်အပိုင်းဖြစ် သည့် Dr. Fridtjof Nansen သုတေသန ရေယာဉ်သည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပင်လယ်ပြင်များတွင် ငါးသယံဇာတများ တိုင်းတာဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ၂၀၁၃၊ ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်တို့တွင် လာရောက်၍ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၏ တည်ရှိနေရာပုံဖော် စစ်ဆေးခြင်း၊ အဏ္ဏဝါပြင် ဂေဟစနစ်ကို လေ့လာစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို Global Environment Facility (GEF) အထောက်အပံ့ဖြင့် IUCN မှ ကြီးမှူးကျင်းပခြင်းဖြစ်ကာ တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအရ BOMLME အဆင့်-၂ စီမံကိန်း အပြီးသတ်စာတမ်း(Full Size Project) ပြင်ဆင်မှုကို ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် GEF သို့ တင်သွင်းရာ၌ များစွာ အထောက်အကူ ပြုစေနိုင်မည်ဖြစ်ပြီး BOMLME စီမံကိန်းအောက်မှ မြန်မာနိုင်ငံအတွက် ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့်၊ စီမံကိန်းများစွာ ပေါ်ထွက်လာနိုင်စေမည့် အကျိုးကျေးဇူးများလည်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရတနာပုံ မြို့တည်နန်းတည် နှစ် ၁၆၀ ပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားစွာ ကျင်းပမည်

**မန္တလေး မေ ၈**

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့သော ရတနာပုံရွှေမြို့တော်(မန္တလေး) မြို့တည်နန်းတည်နှစ်(၁၆၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကို မန္တလေးမြို့၌ မေ ၂၄ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင် ဆင်နွှဲနိုင်ကြောင်း အဆိုပါပွဲဖြစ်မြောက်ရေးကော်မတီ၏ အတွင်းရေးမှူး ထိပ်တင်ဝဏ္ဏစိုးက ပြောကြားသည်။

“ဒီပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ခွင့်ပြုပြီးပါပြီ။ မေ ၂၄ ရက် နံနက်ပိုင်းမှာ မြနန်းစံကျော်ရွှေနန်းတော် အရှေ့မုခ်ဆောင်မှာ သံဃာတော် ၁၀၈ ပါးတို့ကို ဆွမ်းဆက်ကပ်ပြီး ညနေပိုင်းမှာ မြို့တည်နန်းတည် နှစ်(၁၆၀)ပြည့် အထိမ်းအမှတ် ပွဲတော်မုခ်ဦးဖွင့်ပွဲကို(၆၆)လမ်းနဲ့(၁၂)လမ်းထောင့်ရှိ သတ္တဌာနရှေ့ ရတနာပုံမုခ်ဦးမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်”ဟု ကော်မတီအတွင်းရေးမှူးက ပြောသည်။

ထို့အပြင် မေ ၂၅ ရက် ညနေပိုင်းတွင် သံဃာတော်အပါး ၁၆၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျုံးမြောက်ဘက်ရှိ သုဓမ္မာဇရပ်တန်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ မေ ၂၆ ရက် ညနေပိုင်းတွင် နှစ်(၁၆၀)ပြည့်ပွဲတော် ပိတ်ပွဲအခမ်းအနားကို (၆၆)လမ်းနှင့် (၁၂)လမ်းထောင့်ရှိ သတ္တဌာနရှေ့ ရတနာပုံမုခ်ဦး၌ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်သုံးရက်စလုံးတွင် စန္ဒာမုနိဘုရားဝင်းအတွင်း ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ပျော်ပွဲ ရွှင်ပွဲများနှင့် ဈေးဆိုင်တန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့ အမျိုးသား ကဇာတ်ရုံတွင်လည်း နိုင်ငံကျော်စာရေးဆရာများနှင့် မန္တလေး မြို့ခံစာရေးဆရာကြီးများ၏ စာပေဟောပြောပွဲများ၊ ဓာတ်ပုံပြပွဲ/ပြိုင်ပွဲများ၊ ဆွေတော်မျိုးတော်များ၏ ဓာတ်ပုံပြခန်းများ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ အပြင် ကာတွန်းပုံတူရေးဆွဲခြင်းအစီအစဉ်များ၊ ရုပ်သေး ပွဲ၊ ခြင်းအလှပြပွဲ၊ ကျောက်ဆည်ဆင်အလှပြပွဲနှင့် စည်တော်ကြီး၊ မြို့မ စသည့် ခေတ်ပေါ်တီးဝိုင်းများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူးက ဆက်လက်ပြောသည်။

ရှေးအစဉ်အလာမပျက် မြန်မာ့ထီးမှုနန်းရာရိုးရာယဉ်ကျေးမှုများ ထွန်းကားခဲ့ရာ ရတနာပုံ(မန္တလေး) ရွှေမြို့တော်ကြီး၏ သမိုင်းအမွေအနှစ်များကို နောင်အရှည်သဖြင့်မပျောက်မပျက် ဆက်လက်လက်ဆင့်ကမ်း သယ်ပိုးကြရန်၊ မန္တလေးမြို့၌ ရှေးယခင်မှ ယခုတိုင် သမိုင်းရာဇဝင်၊ ယဉ်ကျေးမှု၊ ဘာသာတရား အဆီအနှစ်များ ပြည့်လျှံကြွယ်ဝနေမှုကို ခရီးသွားလုပ်ငန်းတို့ သိရှိလာစေပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘာသာ၊ သာသနာ၊ စာပေ၊ အနုပညာတို့ သမိုင်းအစဉ်အလာမပျက် ထွန်းလင်းဂုဏ်ရှိန်မြင့်စေရန် ရည်ရွယ်ချက်များဖြင့် ရတနာပုံ မြို့တည်နန်းတည် နှစ်(၁၆၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို မြန်မာနိုင်ငံတော်ဝင်အနွယ်တော်များ အစည်းအရုံး (MRDA) နှင့် ပြည်သူများပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

**သန်းဇော်မင်း (မြန်/ဆက်)**

## စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးငယ်များ ထောက်ပံ့ကြေးပေးအပ်ပွဲ တွန်းဇံမြို့၌ ကျင်းပ

**တွန်းဇံ မေ ၈**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ပြုလုပ်သည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ယနေ့နံနက်က ချင်းပြည်နယ် တွန်းဇံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က အမှာစကား ပြောကြားပြီး ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က ချင်းပြည်နယ်အတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော အသက်နှစ်နှစ် အောက်ကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေး ပေးအပ်မှု အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်နှင့် တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုးမှုကြိုကျောင်း (၇)ကျောင်းနှင့် မေတ္တာ အေးရိပ်မြုံဂေဟာကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၅၄၈၀၀၀၀၊ တွန်းဇံမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၅၃၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၆၁၁၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ် ၂၃၁၀ ရှိသည့်အနက် နှစ်လခံစားသူ ၂၂၃၀ အတွက် ထောက်ပံ့ငွေကျပ် ၆၆၉၀၀၀၀၀ နှင့် တစ်လခံစားသူ ၈၀ အတွက် ထောက်ပံ့ငွေကျပ် ၁၂၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H . E. Mr. Heuangseng Khamdalavong အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ- လာအိုနှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Heuangseng Khamdalavong အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# e-Parliament စနစ် Hluttaw intranet (SharePoint) မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၈**

e-Parliament စနစ် Hluttaw intranet (SharePoint) မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်းရှိ သဘင်ဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ e-Government ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရုံး စီမံကိန်းဒါရိုက်တာ၊ UNDP Programme Advisor, Chief Of Unit, Mr Joerg Stahlhut၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ CIOs၊ ACIOs၊ implementation Agency ရုံးများမှ တာဝန်ခံများနှင့် လွှတ်တော်ဝန်ထမ်းများ၊ လွှတ်တော် အကူအညီပေးရေး အဖွဲ့အစည်းများ တက်ရောက်ကြသည်။

**စတင်အသုံးပြုနိုင်**

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု လွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က "လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်များ၏ လုပ်ငန်းတာဝန်များအား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်သည့် e-Parliament စနစ်တစ်ခုဖြစ်သော လွှတ်တော် Intranet (SharePoint) အား စတင်အသုံးပြုနိုင်ရန် မိတ်ဆက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များ၏ လုပ်ငန်းတာဝန်များ (Duty and Functions)ကို ပိုမိုအားကောင်းလာစေရန် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ မြှင့်တင်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လွန်စွာအရေးကြီးလှပါကြောင်း၊ လွှတ်တော်၏ အဓိကအောင်မြင်မှုတစ်ခု ဖြစ်သည့် စာရွက်စာတမ်းများ စီမံခန့်ခွဲနိုင်သည့် စနစ်လွှတ်တော် Intranet (Share Point) သည် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ၊ အစည်းအဝေးမှတ်တမ်းများ၊ ဆုံးဖြတ်ချက်များ၊ အစီရင်ခံစာများအပြင်အရေးကြီးသည့် စာရွက်စာတမ်းများကိုပါ စီမံခန့်ခွဲနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အပံ့ပေးသွားမည့် အကျိုးကျေးဇူးများစွာ ရရှိသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျအသုံးပြု၍ လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နောင်တွင်လည်း ထိုကဲ့သို့အသုံးဝင်ကောင်းမွန်သည့် စနစ်များစွာကို တည်ဆောက်ပြီး မိမိတို့လွှတ်တော်အား e-Parliament အဆင့်သို့ ရောက်ရှိသည်အထိ ဝိုင်းဝန်းဆောင်ရွက်သွားကြရေးအတွက် ရည်မျှော်ကြိုးစားကြစေလိုကြောင်း" ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားဖတ်ကြား**

ယင်းနောက် UNDP Programme Advisor, Chief Of Unit, Mr Joerg Stahlhut က ဂုဏ်ပြုအမှာစကားပြောကြားပြီး နိုင်ငံတကာပါလီမန်များအဖွဲ့(IPU), IPU President and Secretary General ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားကို ဖတ်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူမင်း (CIO) က Hluttaw Intranet စနစ်အကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် UNDP Programme Advisor, Chief Of Unit, Mr Joerg Stahlhut တို့က Parliament စနစ် Hluttaw Intranet (SharePoint)အား စတင်ဖွင့်လှစ်ပေးသည်။

**ပြန်လည်ဖြေကြား**

ယင်းနောက် အဖွဲ့လိုက်မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး Hluttaw Intranet စနစ် လက်တွေ့ပြသခြင်း၊ User Support အစီအစဉ်အား ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာသူများက သိရှိလိုသော မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Hluttaw Intranet (Share Point) System သည် Microsoft Share Point Platform ကို အသုံးပြုထားပြီး စာရွက်စာတမ်းများအား စီမံခန့်ခွဲနိုင်သည့် Document Management System တစ်ခုဖြစ်သည်။ ဤစနစ်တွင် စာရွက်စာတမ်းများအား တင်သွင်းခြင်း၊ အတည်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် Share ပြုလုပ်ခြင်းတို့ကို ပြုလုပ်နိုင်မည် ဖြစ်သည်။ လွှတ်တော်လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်သော စနစ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့လိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရေး၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ (မူကြမ်း) တွင် CTUM အဖွဲ့အနေဖြင့် ပြင်ဆင်ဖြည့်စွက်လိုသည့် ကိစ္စရပ်၊ အစိုးရအလုပ်ရှင် အလုပ်သမားသုံးပွင့်ဆိုင်ယန္တရားဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဥရောပနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး **H.E. Mr. Kristian Schmidt** နှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၈**

ဥရောပနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံရုံးအကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂအမျိုးသားသီချင်းတို့ကို ဖွင့်လှစ်ပြီး အလေးပြုကြသည်။

**နှုတ်ခွန်းဆက်စကားပြော**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ကိတ်မုန့်လှီးဖြတ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt တို့သည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ သံရုံးအကြီးအကဲများနှင့်အတူ ဥရောပနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဥရောပသမဂ္ဂ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# အမုန်းစကားနှင့် မမှန်ကန်သော သတင်းအချက်အလက်များကို တိုက်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမုန်းစကားနှင့် မမှန်ကန်သောသတင်းအချက်အလက်များကို တိုက်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES)၊ International Republican Institute (IRI)၊ National Democratic Institute (NDI) တို့ ပူးပေါင်းပြုလုပ်သည့် အမုန်းစကားနှင့် မမှန်ကန်သောသတင်းအချက်အလက်များကို တိုက်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်အမှာစကားပြောကြားသည်။

**ကိုယ်စားလှယ်များတက်ရောက်**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်များနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ကတိကဝတ်ပြုထားပြီးဖြစ်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှု ပြုလုပ်ကြမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမုန်းစကားများ၊ သတင်းမှားများဖြင့် တိုက်ခိုက်မှုများ မပြုလုပ်ကြရန် လိုကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် အမုန်းစကားများနှင့် တိုက်ခိုက်မှုများရှိခဲ့သော်လည်း ကန့်ကွက်မှုများမပြုခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံရေးပါတီအားလုံး သဘောတူညီမှုဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for Political Parties and Candidates) ကို ရေးဆွဲအတည်ပြုခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများအား အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်းမပြုရန်၊ နိုင်ငံရေးပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်းတစ်ဦးကို ဝေဖန်ပြောဆိုမှုများ ပြုလုပ်ရာတွင် အခြေအမြစ်မရှိဘဲ (သို့မဟုတ်) မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ဝေဖန်ပြောဆိုမှုများ မပြုလုပ်ရန်နှင့် ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော သုံးနှုန်းပြောဆိုမှုများ မပြုလုပ်ရန် ကတိကဝတ်ပြုထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂) တွင် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်ဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ အားလုံးပါဝင်မှု မြှင့်တင်ခြင်း အခန်းများကို ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**တိုးတက်လာအောင်ဆောင်ရွက်**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၇၉၃ ဦး ပါဝင်ခဲ့ပြီး ၁၅၁ ဦး အနိုင်ရရှိခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ရာတွင်လည်း အမျိုးသမီးများပါဝင်မှုတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ယင်းနောက် တက်ရောက်လာကြသူများက အမုန်းစကားနှင့် မမှန်ကန်သော သတင်းအချက်အလက်များကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများ၊ ရွေးကောက်ပွဲများတွင် ကျား၊မ တန်းတူညီမျှရေး၊ အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ကမီမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၇၉ လက်မနှင့် ရေးမြို့တွင် ၀ ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H. E. Mr.Tim Enderlin နှင့်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆွစ်ဇာလန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် DDR ဆိုင်ရာ လုပ်ငန်းစဉ်သင်တန်းပေးနိုင်မှု အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H. E. Mr.Tim Enderlin နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး





**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tim Enderlin အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tim Enderlin အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tim Enderlin အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အမျိုးသားမြေအသုံးချမှုကောင်စီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုနှင့် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုသည့်အခြေအနေ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် လုပ်ငန်းစီမံကိန်းအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) ရေးဆွဲထုတ်ပြန်မည့် အခြေအနေနှင့် အဓိကဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများအရ အစီရင်ခံစာများအပေါ် သုံးသပ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ မြန်ဆန်စေရန် ဝန်ထမ်းအင်အား ဖြည့်တင်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ ငှားရမ်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်လင်း ရန်ကုန် - မန္တလေးအမြန်လမ်း ဆွာချောင်းတံတား၏ ရေလယ်တိုင်များနိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်မှုလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၆၅/၁ အနီးရှိ ဆွာချောင်းတံတား၏ ရေလယ်တိုင်အမှတ်(၅)နှင့်အမှတ်(၇)တို့ နိမ့်ကျနေမှုတွင် Girder များကို Jack Up ဖြင့် ပြန်လည်မြှင့်တင်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးရာတွင် တံတားပေါ်တွင် ယာယီတပ်ဆင်ထားသော ဘေလီသံပေါင်များ ပြန်လည်ဖြုတ်နေသည့် အခြေအနေ၊ တံတားရေလယ်တိုင်အမှတ် (၇) ရှိ Girder များကို Jack Up ဖြင့် စတင်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူများ နေ့စဉ်အသုံးပြုသွားလာနေသော တံတားဖြစ်၍ လုပ်ငန်းအရည်အသွေးနှင့် စံချိန်စံညွှန်းများကို ပြည့်မီစွာဆောင်ရွက်ပြီး သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆွာချောင်းတံတားသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဆွာချောင်းရေ ရုတ်တရက်မြင့်တက်မှုကြောင့် တံတားရေလယ်တိုင်အမှတ် (၅)နှင့် အမှတ် (၇)တို့ နိမ့်ကျသွားခဲ့သဖြင့် တံတားအုတ်မြစ်များ အားဖြည့်ဆောင်ရွက်နေပြီး Girder များကို Jack Up ဖြင့် ပြန်လည်ဆောင်ရွက်နေရာ ယာယီဘေလီတံတားအား မေ ၇ ရက်မှ စတင်ဖြုတ်သိမ်းပြီး မေ ၃၀ ရက်အထိ ၂၃ ရက်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တံတား (အသွားလမ်း)အား ယာယီလမ်းပိတ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



◆ ***ရှေ့ဖုံးမှ***

ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မဏိပူရ်မြစ်ကူး (ဒါတ်တား) တံတားသစ် တည်ဆောက်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Sauraid Kumar၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက မဏိပူရ်မြစ်ကူးတံတား(ဒါတ်တား)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်း၍ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယအကြိမ် အထောက်အပံ့ ရန်ပုံငွေဖြင့် ချင်းပြည်နယ်တွင် လမ်း၊ တံတားလုပ်ငန်း ၁၃ ခု၊ ပညာရေးလုပ်ငန်း သုံးခု စုစုပေါင်းလုပ်ငန်း ၁၆ ခုအား ခွင့်ပြုငွေကျပ် ၃၉၇၆ ဒသမ ၃၆၁ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တတိယအကြိမ် အိန္ဒိယသမ္မတနိုင်ငံ၏ အထောက်အပံ့ရန်ပုံငွေဖြင့်လည်း လမ်း၊ တံတားလုပ်ငန်း ကိုးခု၊ ပညာရေးလုပ်ငန်း ငါးခု စုစုပေါင်းလုပ်ငန်း ၁၄ ခုအား ငွေကျပ် ၃၆၈၇ ဒသမ ၆၂၉၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



**မဏိပူရ်မြစ်ကူး(ဒါတ်တား) တံတားကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Sauraid Kumar၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဥတုရာသီမရွေး ရေကိုချွေတာအသုံးပြုပေး

**မေယု- မျိုးအောင် (MANA)**

**ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်များ နှစ်စဉ်တိုးနေရာ မြန်မာနိုင်ငံတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာသည်။ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများတွင်လည်း နွေအပူကို ပို၍ ခံစားနေရသည်။ လက်ရှိမှာပင် အပူချိန်က ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ တိုးနေသည်။**



မိုင်းဖြတ်မြို့ နားမွန်းကျေးရွာသို့ မေ ၆ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ လှူဒါန်းပေးနေစဉ်။
ဓာတ်ပုံ- သန်းထွန်းအေး (ပြန်/ဆက်)

### အပူချိန်တိုးလာသည်နှင့်အမျှ ရေရှားပါးလာ

အားပျော့သည့် အယ်လ်နီညိုရာသီဥတုဖြစ်သော်လည်း အပူချိန်များက တိုးနေမည်ဖြစ်သည်။ နွေလယ်ရောက်ပါက အပူချိန်က ပို၍၊ ပို၍ ပူပြင်းလာမည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် နေရာဒေသကွဲပြား၍ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် တိုးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်မိုးဦးက ပြောကြားသည်။

၂၀၁၉ ခုနှစ် မတ်လမှစကာ ဧပြီ၊ မေလအထိ အပူချိန်တိုးနေမည်ဟု ခန့်မှန်းထားချက်အရ မုတ်သုံမဝင်ခင်အချိန်ထိ အပူချိန်များ မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အပူပိုင်းဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး၏ ပျမ်းမျှအပူချိန် ၄၀ ဒသမ ၄၁ ဒီဂရီစင်တီဂရိတ်ရှိရာမှ ၄၂ မှ ၄၃ ဒီဂရီစင်တီဂရိတ်အထိ တိုးနိုင်ကြောင်းနှင့် ရန်ကုန်မြို့အပူချိန်မှာ ပျမ်းမျှ ၃၇ မှ ၃၈ ဒီဂရီစင်တီဂရိတ်ရှိရာမှ ၄၀ မှ ၄၁ ဒီဂရီစင်တီဂရိတ်အထိ တိုးနိုင်ကြောင်း ၎င်းက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် အပူချိန်မြင့်တက်မှုများ ကြုံတွေ့နိုင်ပြီး လူများကို အန္တရာယ်ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများလည်း အလွန်မြင့်မားသည့်အဆင့်တွင်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ပညာရှင် ဒေါက်တာ ထွန်းလွင်က သတိပေးသည်။

အပူပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကန်ရေအသုံးပြုရသည့် ဒေသများရှိ ရေကန်အချို့မှာ နွေရာသီရောက်ရှိလာချိန်တွင် ခန်းခြောက်နေမှုကို မြင်တွေ့ရလေ့ရှိသည်။ နှစ်စဉ် ရေရှားပါးနေကျနေရာဖြစ်သည့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများတွင် ရေရှားပါးမှုများ ဖြစ်ပေါ်နေသည်။ ယင်းအပြင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်ဘက်ရှိ အချို့ဒေသများတွင်လည်း ရေရှားနေပြီဖြစ်သည်။

### ရေမလုံလောက်ခြင်းကြောင့် နောက်ဆက်တွဲရောဂါများဖြစ်ပေါ်

နွေရာသီရောက်လာချိန်တွင် ရေရှားပါးမှုဘေးက နှစ်တိုင်းကြုံတွေ့နေကျပင်။ အစိုးရဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များက ရေတွင်းရေကန်များ နှစ်စဉ် တူးဖော်ပေးလျက်ရှိသည်။ သို့ရာတွင် ရေရှားပါးသည့်နေရာက ရှိမြဲပင်ဖြစ်သည်။ နွေရာသီတွင် ရေရှားပါးနိုင်သည့် ကျေးရွာများကို ဦးစားပေးကာ ကြိုတင်ပြင်ဆင်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမင်းဦးက ပြောသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နှစ်စဉ် ရေရှားပါးမှုများကို ကြုံတွေ့နေရခြင်းဖြစ်ကာ ထိုဒေသများတွင် ရေရှားပါးလာမှုဖြစ်ပွားလာပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံ ဆက်သွယ်နိုင်သည်။

ရေသည် လူ့ခန္ဓာကိုယ်အတွင်းတွင် အစာ၊ အညစ်အကြေး၊ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို သယ်ဆောင်ပေးသူအဖြစ် တာဝန်ထမ်းဆောင်သည်။ လူသတ္တဝါတို့၏ အစာချက်လုပ်ငန်းတွင်လည်း အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သည်။ ရေသည် အေးမြသော စွမ်းဆောင်ရည်ဖြင့် လူတစ်ဦး၏ ကိုယ်အပူချိန်ကို ၉၈ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်တွင် တည်မြဲစေသည်။ ထိုကဲ့သို့သော အချက်များကြောင့် လူတို့သည် ရေလုံလောက်စွာ မရတော့သည့်အခါ နောက်ဆက်တွဲရောဂါများကို ခံစားရပြီး အသက်ဆုံးရှုံးရသည်အထိ ဖြစ်ကြရခြင်းဖြစ်သည်။

ရေသည် လူတို့သောက်သုံးရန်အတွက်သာမက မြို့ပြအိုးအိမ်ဆောက်လုပ်ခြင်းတို့တွင် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရေးတွင် အသုံးပြုရန်၊ ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုရန်၊ လျှပ်စစ်ဓာတ်အားရရှိရေးတွင် အသုံးပြုရန်၊ ကူးသန်းသွားလာရေးတွင် အသုံးပြုရန်အတွက်လည်း အရေးပါသည်။ ရေအရင်းအမြစ်များ ကုန်ဆုံးသွားပါက လူသားကမ္ဘာ၊ လူသားအရင်းအမြစ်များလည်း ပျက်စီးသွားကြရမည့်အနေအထား ဖြစ်သည်။ ရေအရင်းအမြစ်များ မကုန်ဆုံးသွားစေရန်အတွက် ထိန်းသိမ်းကာကွယ်မှုများကို လုပ်ဆောင်ကြရန် လိုအပ်နေပြီဖြစ်သည်။

ကမ္ဘာ့ရေအရင်းအမြစ် ပိုင်ဆိုင်မှုစာရင်းများအရ ဘရာဇီးနိုင်ငံသည် အဆင့် (၁)၊ ရုရှားနိုင်ငံသည် အဆင့် (၂) နေရာတွင် တည်ရှိပြီး မြန်မာနိုင်ငံက အဆင့် (၁၄) နေရာတွင် ရှိနေသည်။ အာရှဒေသတွင်း နိုင်ငံများ၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှုစာရင်းအရ တရုတ်နိုင်ငံသည် အဆင့် (၁) နေရာတွင်ရှိနေပြီး အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ စသည်ဖြင့် အစဉ်လိုက် ရပ်တည်နေသည်။ မြန်မာသည် အာဆီယံ ၁၀ နိုင်ငံ၏ ရေ ၁၆ ရာခိုင်နှုန်းခန့်နှင့် အာရှတိုက်တစ်တိုက်လုံး၏ ရေ ၁၂ ရာခိုင်နှုန်းခန့်အထိ ပိုင်ဆိုင်ထားသဖြင့် ရေအရင်းအမြစ်ပေါကြွယ်ဝသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ကို မြေပေါ်ရေနှင့် မြေအောက်ရေတို့မှ ရရှိသည်။ တစ်နှစ်လျှင် မြေပေါ်ရေနှင့် မြေအောက်ရေ နှစ်မျိုးပေါင်း ကုဗမီတာ ၁၅၄၀ ခန့် ရရှိသည်ဟု ခန့်မှန်းကြသည်။

### ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းမှာ ရေသန့်မရကြ

ကမ္ဘာ့လူဦးရေသည် နှစ်စဉ်တိုးပွားနေပြီး ၂၀၅၀ တွင် ကိုးဘီလီယံဖြစ်လာနိုင်သည့်အတွက် ရေသုံးစွဲမှုလည်း မြင့်မားလာမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ရေရှားပါးသော ဒေသများတွင် ရေထိုင်ကြရပြီး ၂၀ ရာခိုင်နှုန်းက ရေကောင်းရေသန့် မရသူများ ဖြစ်နေသည်။

ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၁ သန်းသည် နေအိမ်များတွင် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်နေကြရသည်။ မသန့်ရှင်းသော ရေကိုသုံးစွဲရသောကြောင့် ၂၀၀၀ ပြည့်နှစ်တွင် လူဦးရေ ၂၂ သန်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။

အယ်လ်နီညိုရာသီဥတုကို ခံစားရသဖြင့် ပုံမှန်နှစ်များထက် ပိုမိုပူပြင်းခြောက်သွေ့မည်ဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုကြောင့် ရေရှားပါးမှုကို ပိုမိုကြုံတွေ့ရမည်ဖြစ်သည်။ ထိုအခြေအနေများကြောင့် ရေရှားပါးပြတ်လပ်မှု မဖြစ်ပွားခင် ရေစုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရေအရင်းအမြစ် ရှာဖွေစုဆောင်းခြင်းများ ပြုလုပ်ထားရန် လိုသည်။

ရေကို ထိန်းသိမ်းသိုလှောင်ပေးသည့် သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်း၊ မိုးတွင်းကာလတွင် ရွာသွန်းသည့် မိုးရေများကို စုဆောင်းနိုင်သည့် မိုးရေခံစီမံကိန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်သင့်သည်။

နွေရာသီတွင် ရေရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ်တွင် ကျေးရွာ ၁၀၀၀ ကျော် ရေရရှိရန် ဆောင်ရွက်ထားကြောင်း သိရသည်။

### ရေရရှိရေးအတွက် ဘဏ္ဍာငွေများ အသုံးပြုရ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးရွာ ၁၄၉၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟုလည်း ကြားရသည်။ ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက်လည်း တွင်းတိမ် ၉၂ တွင်း၊ တွင်းနက် ၆၀၁ တွင်း၊ စိမ့်စမ်းရေသွယ်တန်းမှု ၃၆၇ ခု၊ မိုးရေလှောင်ကန်များ တူးဖော်ခြင်း၊ မြစ်ကမ်းဘေးတစ်လျှောက် ရေသွယ်ခြင်းစသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျပ်သန်းနှစ်သောင်းသုံးထောင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ရေသည် လူသားများအတွက် မရှိမဖြစ် အရေးကြီးဆုံးဖြစ်နေပါသဖြင့် ရာသီဥတုမရွေး ရေကို ချွေတာကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

> **“၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးရွာ ၁၄၉၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟုလည်း ကြားရသည်။ ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက်လည်း တွင်းတိမ် ၉၂ တွင်း၊ တွင်းနက် ၆၀၁ တွင်း၊ စိမ့်စမ်းရေသွယ်တန်းမှု ၃၆၇ ခု မိုးရေလှောင်ကန်များ တူးဖော်ခြင်း၊ မြစ်ကမ်းဘေး တစ်လျှောက် ရေသွယ်ခြင်းစသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျပ်သန်း နှစ်သောင်းသုံးထောင် အသုံးပြုမည်ဖြစ်ကြောင်း သိရ”**

# ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ကွင်းအမှတ် ၆၂၁ ရှိ မိုးစပါးစိုက်ပျိုးမည့်တောင်သူများ ရေထွက်ပေါက်မရှိခြင်းကြောင့် အခက်အခဲများကြုံတွေ့နိုင်

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခင်နှစ်ဩဂုတ်လ ၂၉ ရက်နေ့နံနက်ပိုင်းက ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်စဉ်က ရေကြီးရေလျှံမှုကြောင့် ကျိုးပြတ်ပါသွားခဲ့သည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြားရှိ တံတားအမှတ် ၃၀၅ အား အသစ်ပြည်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းလွှဲများတည်ဆောက်ခြင်း၊ မြေဖို့ခြင်းများဆောင်ရွက်လျက်ရှိရာ အနောက်ဘက် ဆွာမင်းလမ်းကျေးရွာ အရှေ့ဘက် DY 2 ရေမြောင်းနှင့် ရထားလမ်းအကြား ကွင်းအမှတ် ၆၂၁ရှိ စိုက်ပျိုးလယ်မြေများရေထွက်ပေါက်မရှိတော့သည့်အတွက် မိုးစပါးစိုက်ပျိုးချိန်တွင် အခက်များစွာဖြစ်ပေါ် နိုင်၍ ရေထွက်ပေါက်ဆောင်ရွက်ပေးရန် ဒေသခံတောင်သူများ လိုလားလျက်ရှိနေကြောင်း သိရသည်။

“ဒီကွင်းမှာ မိုးစပါး စိုက်ဧက ၂၀၀ ကျော်လောက်ရှိမယ်။ နွေစပါးလည်းမစိုက်ကြရတော့ မိုးစပါးကိုအားခဲထားရတာ။ အခုလို ရေထွက်ပေါက်ပိတ်သွားရင် အနိမ့်ပိုင်းမှာ ရှိတဲ့ တောင်သူတွေ စိုက်ပျိုးနိုင်ဖို့မသေချာတော့ဘူး။ စိုက်ပျိုးရင်လည်း နစ်မြုပ်ကုန်မှာသေချာတယ်။ တံတားအနောက်ဘက်အတိုင်း မြောက်ဘက်ကို ဆက်သွယ်ဖောက်ပေးနိုင်ရင် ဆွာချောင်းထဲကိုပြန်ချလို့ရပါတယ်။ တောင်သူတွေအခက်အခဲကိုလည်း ကူညီဆောင် ရွက်ပေးစေချင်ပါတယ်”ဟု တံတားကြီးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။



တံတားတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အစုန်လမ်းပိုင်း၌ လမ်းလွှဲမြေသားလမ်းတည်ဆောက်ထားပြီး အောက်ခြေ၌ လေးလက်မရေထုတ် ပြွန်တစ်ခုတပ်ဆင်ထားသော်လည်း လမ်းအနောက်ဘက်ခြမ်း ရေစီးဝင်မည့်ဘက်မှမြေများ အပြည့်ဖို့လိုက်ခြင်းကြောင့် ရေထွက်ပေါက်အားလုံးပိတ်ကုန်ခြင်းဖြစ်ကာ မိုးရွာလာလျှင် တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်နေကြပြီဖြစ်သော်လည်း အခက်အခဲများဖြစ်ပေါ်မည်ကို အားလုံးကစိုးရိမ်နေကြခြင်းလည်းဖြစ်သည်။ **ကိုလွင် (ဆွာ)**

# အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုယ်ရေးမှတ်တမ်းဖိုင်တွဲများအား ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲရန် ဆောင်ရွက်နေ

**နေပြည်တော်  မေ  ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး မြင့်ချို အစား ဗိုလ်မှူးကြီး ဝင်းလွင်ဦးကို အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

## နိုင်ငံတကာပညာရှင်များထံမှ ငွေရေးကြေးရေးနှင့် နည်းပညာများ ထောက်ပံ့ရယူပြီး Digital စနစ်နှင့် Smart Card ဆောင်ရွက်နိုင်ရန် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိ

ယင်းနောက် မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၏ **အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုယ်ရေးအချက်အလက်မှတ်တမ်းဖိုင်တွဲများအား လက်ရှိအသုံးပြုလျက်ရှိနေသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် ဦးဆောင်ကြီးကြပ်မှုကော်မတီများနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာပညာရှင်များထံမှ ငွေရေးကြေးရေးနှင့် နည်းပညာများ ထောက်ပံ့ရယူပြီး Digital Database တည်ထောင်ကာ Digital စနစ်နှင့် Smart Card ဆောင်ရွက်နိုင်ရန် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင့်တော်သည့် အချိန်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကို ဦးစားပေးအလိုက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့တွင်ရှိသည့် ဖိုင်တွဲများနှင့် အထောက်အထားစာရွက်စာတမ်းများကို ယခင်ကတည်းက စက္ကူများဖြင့် မှတ်တမ်းမှတ်ရာများထားရှိသည့်အတွက် ပျက်စီးဆုံးရှုံးမှုများ၊ မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပွားပါကြောင်း၊ ထို့ကြောင့် စီမံချက်ရေးဆွဲချမှတ်ပြီး Digital စနစ် ပြောင်းလဲရန်အတွက် စီမံချက်ရေးဆွဲပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နည်းပညာနှင့် ငွေကြေးလိုအပ်ခြင်းကြောင့် ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်တွင်တောင်းခံ၍ မှတ်တမ်းမှတ်ရာများကို Digital စနစ်သို့ ပြောင်းလဲနိုင်ရေး ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သရက်မြို့နယ် ဆင်ကော်ရဲစခန်းအား ပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ပြင်ဆင်သွားမည်ဖြစ်

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **သရက်မြို့နယ်အဆုံးရှိ ဆင်ကော်ကျေးရွာအုပ်စု ဆင်ကော်ရဲစခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်အင်္ဂါနှင့် ညီညွတ်မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းများကြောင့် အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ဆင်ကော်နယ်မြေရဲစခန်းအတွက် ပြုပြင်ရန်လိုအပ်သည့် လုံးချင်းအဆောက်အဦတစ်လုံးအား ပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ပြင်ဆင်သွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေရဲစခန်းရုံး (အချုပ်ပါ) တစ်ထပ်


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြေကြားစဉ်။


မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြေကြားစဉ်။


သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းစဉ်။

တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ် တစ်လုံးတို့အား ဆောက်လုပ်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ မိုင်ခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်နှင့် ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဆလိုင်းရီယန်းဇဲလ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က ရှင်းလင်းဖြေကြားကြသည်။

## သယံဇာတ (၃)ရပ်ကို အခြေပြုပြီး စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိက ပြည်တွင်းထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးကို အခြေပြုရမည်

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြနေခြင်း ရပ်တန့်စေရန်နှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းထုတ်လုပ်မှုစွမ်းအားကိုမြှင့်တင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ၊ လုပ်သားသယံဇာတကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

ရေ၊ မြေနှင့် လုပ်သားသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကို အချိန်နှင့်တစ်ပြေးညီ ခံစားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းသယံဇာတ (၃)ရပ်ကို အခြေပြုပြီး စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိက ပြည်တွင်းထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးကို အခြေပြုရမည် ဖြစ်ပါကြောင်း။

အသား၊ ငါးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အသားထုတ်လုပ်နိုင်မှုအတွက် မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ၊ ငါး၊ ဝက် စသည်တို့သည် နိုင်ငံ၏ ပြည်နယ်တိုင်း၊ နေရာတိုင်းတွင် မွေးမြူဖြစ်ထွန်းနိုင်ပါကြောင်း၊ ယင်းတိရစ္ဆာန်များ ကြီးထွားရှင်သန်ပြီး အောင်မြင်ဖြစ်ထွန်းရန်အတွက် အဓိကလိုအပ်သည့် စားကျက်နှင့် ကောက်ရိုး၊ အခြားအစားအစာများကလည်း မိမိတို့တိုင်းပြည်တွင် အဆင်သင့်ဖြစ်ပါကြောင်း၊ ရာသီမရွေးပေါက်ရောက်သည့် မြက်များကို စားသုံးစေခြင်းဖြင့် မွေးမြူရေးတွင် အဆင်ပြေမှုရှိသည့်အပြင် စားကျက်များသည်လည်း တိုင်းပြည်အတွက် အဓိက လိုအပ်နေပါကြောင်း၊ တိုင်းပြည်အတွက် အဓိက အထောက်အကူဖြစ်သည့် စားကျက်များကို ယခုအချိန်တွင် သီးခြားထားရှိရန် လိုအပ်မည်ဟု မြင်ပါကြောင်း။

ထို့အပြင် ကျွဲနှင့်နွားများသည် လယ်ယာကုန်ထုတ်လုပ်ငန်းများကို အခြေပြုလုပ်ကိုင်သည့် ကာလအတွင်းတွင် နိုင်ငံတော်၏ ရေမြေအနေအထားအရ နေရာဒေသများတွင် မရှိမဖြစ်လိုအပ်နေသည့် လယ်ယာကုန်ထုတ်ကိရိယာများ ဖြစ်ပါကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် တစ်ဖက်မှ ဆောင်ရွက်ပြီး ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါက နိုင်ငံ၏ ပို့ကုန်လုပ်ငန်းသည် များစွာထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံကုန်သွယ်မှုကို မရပ်တန့်စေဘဲ ကုန်သွယ်မှု မြင့်မားလာအောင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်တွင်နေသည့် ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ မြင့်တက်လာရန်အတွက် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဖက်က ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း အစီရင်ခံစာတင်သွင်း

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဒိန်းမတ်နှင့် ဆွစ်ဇာလန်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော်  မေ  ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. John Nielsen နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tim Enderlin တို့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ဒိန်းမတ်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဒိန်းမတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့စေသော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း (၂၀၁၆-၂၀၂၀)၏ ယခု နှစ်နှစ်ခွဲကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စီမံကိန်းကျေးရွာများတွင် စီမံကိန်း၏ မျှော်မှန်းရလဒ်နှင့်အညီ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အထောက်အပံ့ဖြစ်သော အစားအစာဘေးကင်းလုံခြုံရေးနှင့် သန့်ရှင်းမှုဆိုင်ရာသင်တန်းများ ပို့ချပေးနေမှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း စီစဉ်ဆောင်ရွက်ပေးမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. John Nielsen အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် မြန်မာ့လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာ အသွင်ကူးပြောင်းမှု ပိုမိုပီပြင်စေရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရေးနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် အဖွဲ့ဝင်နိုင်ငံဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ နည်းပညာဆိုင်ရာ သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနှင့် ဗြိတိန်တို့၏ တိုးတက်ကောင်းမွန်သော ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  မေ  ၈**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Chugg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် လွှတ်တော်ရေးရာဆောင် (I-5)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့၏ တိုးတက်ကောင်းမွန်သောဆက်ဆံရေး၊ ဗြိတိန်နိုင်ငံမှ ကူညီပေးအပ်နေသည့် ပညာရေးနှင့် ကျန်းမာရေးအကူအညီများကို ကျေးလက်ဒေသများသို့ ပိုမိုရောက်ရှိရေး၊ နှစ်နိုင်ငံပါလီမန်များ ဆက်ဆံရေးကိုတိုးမြှင့်ရန် အစီအစဉ်များ၊ ဗြိတိန်နိုင်ငံ၏ လက်ရှိရင်ဆိုင်နေရသည့် Brexit နိုင်ငံရေးနှင့် ရှေ့အလားအလာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉) မူကြမ်းအား အတည်ပြု

**နေပြည်တော်  မေ  ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့နှင့်သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

## ဆေးရုံတွင် မသန်စွမ်းလူနာများအတွက် အထောက်အကူပြုပုံစံများအား ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်ကာလအတွင်း ဆေးရုံအဆောက်အဦများတွင် ပိုမိုတိုးတက်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **"နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့်စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများအပါအဝင် နိုင်ငံပိုင်အဆောက်အဦများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံမျိုး**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ မေးမြန်းစဉ်။

**ထည့်သွင်းဆောက်လုပ်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတစ်ဝန်းရှိ ဆေးရုံအဆောက်အဦများအား စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဆေးရုံတွင် မသန်စွမ်းလူနာများအတွက် Trolley Way လျှောက်လမ်းများ၊ အိမ်သာခန်းများ ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆေးရုံတွင် မသန်စွမ်းလူနာများအတွက် ဆင်ခြေလျှောများ ပြုလုပ်ပေးခြင်း (Ramp)၊ လက်ကိုင်တန်းများပြုလုပ်ပေးခြင်း (Handrail) များ ပါဝင်သော အထောက်အကူပြုပုံစံများအား ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်ကာလအတွင်း ဆေးရုံအဆောက်အဦများတွင် ပိုမိုတိုးတက်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေအရ ကျောင်းဆောင်မလုံလောက်၍ တိုးချဲ့ အသစ် ဆောက်လုပ်ခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်များအစား အသစ်ဆောက်လုပ်ခြင်း၊ သိပ္ပံဆောင်များ၊ စာကြည့်တိုက်များ၊ ဟောခန်းများ ဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများကိုသာ ဦးစားပေးအလိုက် ခွဲဝေလျာထား ဆောင်ရွက်နိုင်ပါကြောင်းနှင့် မသန်စွမ်းသူများအတွက် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်သော လျှောက်လမ်းပါဝင်ပြီး အဆောက်အဦပုံစံမျိုးဖြင့် ကျောင်းဆောင်များ ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း၊ ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာ၊ သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း TTTI (ဗဟန်း)တို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါကျောင်းများ၏ တည်ဆောက်ရေးစီမံကိန်းများတွင် မသန်စွမ်းသူများလွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းများ ထည့်သွင်းဆောက်လုပ်ပေးရန် စီစဉ်ထားပါကြောင်းနှင့် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆောက်အဦများ၏ ဒီဇိုင်းရေးဆွဲရာတွင် Wheel Chair အသုံးပြုရသည့် မသန်စွမ်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရေးဆွဲ၍ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံးအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ Design များ အပ်နှံလာသည့်အခါ လုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းရှင်မှ လိုအပ်သောအချက်အလက်များအတိုင်းပုံစံရေးဆွဲလျက်ရှိပါကြောင်း၊ လုပ်ငန်းအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သော Ramp များ ထည့်သွင်းရေးဆွဲပေးရန်တင်ပြလျှင် ထည့်သွင်းရေးဆွဲပေးလျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစဉ် ဆောက်လုပ်ရေးပုံစံ၌ မသန်စွမ်းသူများအတွက် လျှောက်လမ်းတစ်ပါတည်း ထည့်သွင်း၍လည်းကောင်း၊ တင်ဒါခေါ်ယူစဉ် မပါဝင်ခဲ့ပါက လုပ်ငန်းများအပ်နှံမှု မပြုလုပ်စဉ် လိုအပ်သည်များ ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ဘုတလင်မြို့နယ် လေးမြေကျေးရွာအုပ်စု လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိရန် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **"စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် လေးမြေကျေးရွာအုပ်စု လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လေးမြေကျေးလက်ကျန်းမာရေးဌာနခွဲ၏ မြေရေိယာအကျယ်အဝန်းမှာ အလျား ၁၂၀ ပေ၊ အနံပေ ၈၀ ကျယ်ဝန်းပြီး ဌာနပိုင်မြေဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါကြောင်း၊ လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် အသစ်ဖွင့်လှစ်ရန်လိုအပ်သည်ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ တင်ပြလာပါကြောင်း။

သို့ဖြစ်ပါ၍ လေးမြေကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁၄မခ(ဃ) ၂၀၁၉/၃၃၆၂ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **"ချင်းပြည်နယ် ပလက်ဝမြို့နယ် ဝက်မကျေးရွာအုပ်စု ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ရောဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ၏ **"ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု ချထားပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းပြောကြားသည်။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)"** အား ဥပဒေကြမ်းကော်မတီက အဆိုပြုထားသည့်အတိုင်း အတည်ပြုနိုင်ရန် တင်ပြထားသည့်အတွက်လည်းကောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက်လည်းကောင်း ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ အသစ်ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသဖြင့် ယင်းအခြေအနေနှင့်ကိုက်ညီမှုရှိစေရန် ဥပဒေကို ပြင်ဆင်ထားခြင်းဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ရှင်းလင်း တင်ပြခဲ့ပြီးဖြစ်သည့်အတွက် **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)မူကြမ်း** အား အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်းက ထောက်ခံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ရောဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ် မဒေးကျွန်းရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေမဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ် ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသည်။

ဦးမောင်မောင်အုန်းက အဆိုတင်သွင်းရာတွင် ရေနံယိုစိမ့်မှုဖြစ်စဉ်ကြောင့် သင်္ဘောပိုင်ရှင်နှင့် ယင်း၏အာမခံကုမ္ပဏီများသည် လျော်ကြေးပေးလျော်ရာတွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ ရေနံယိုဖိတ်ခံရသည့်နိုင်ငံ၏ ဥပဒေအတိုင်းသာ ပေးလျော်ပါကြောင်း၊ လက်ရှိမိမိတို့နိုင်ငံအနေနှင့် ရေနံယိုဖိတ်မှုနှင့်ပတ်သက်သည့် ဥပဒေလုံးဝမရှိသည့် အခြေအနေဖြစ်သဖြင့် ရေနံများ ယိုဖိတ်မှု ဖြစ်ပွားခဲ့ပါက ပြစ်မှုပြစ်ဒဏ်များ မချမှတ်နိုင်သည့်အပြင် လျော်ကြေးငွေကိုလည်း လုံးဝရရှိနိုင်မည်မဟုတ်ပါကြောင်း၊ သာမန်အားဖြင့် သင်္ဘောများသည် ဆီယိုဖိတ်မှုအတွက် လျော်ကြေးပေးနိုင်ရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို မဖြစ်မနေ အာမခံထားရှိကြရပါကြောင်း။

ရခိုင်ပြည်နယ်တွင် လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်နေမှုများနှင့် မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုနှင့် ရေနံပိုက်လိုင်းတစ်ခု စုစုပေါင်းပိုက်လိုင်းနှစ်ခု တည်ဆောက်သွယ်တန်းထားရှိပါကြောင်း၊ မဒေးကျွန်းမှစတင်ကာ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်ပေါင်း ၂၂ သန်းသယ်ယူနေသည့် ရေနံစိမ်းကုန်ချဆိပ်ကမ်းနှင့်ဆက်စပ်နေပါကြောင်း၊ တရုတ်ရေနံကော်ပိုရေးရှင်း အရှေ့တောင်အာရှ ပိုက်လိုင်းကုမ္ပဏီ (CNPC-SEAP) သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် အကျိုးတူပူးပေါင်းပြီး ဟောင်ကောင်အခြေစိုက် ဖက်စပ်ကုမ္ပဏီ (SEAGP) အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီကို ထူထောင်၍ ရေနံစိမ်းပိုက်လိုင်းကို တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ဖော်ပြပါစီမံကိန်းအရ တန်ချိန် နှစ်သိန်းမှ သုံးသိန်း တင်ဆောင်နိုင်သည့် အလွန်ကြီးမားသော ရေနံစိမ်းတင်သင်္ဘောကြီးများ တစ်နှစ်လျှင် အစင်းရေ ၇၀ ကျော်ခန့်၊ တစ်နည်းအားဖြင့် တစ်လလျှင် ခြောက်စင်း၊ ခုနစ်စင်းခန့် အဆိုပါ မဒေးကျွန်းရေနက်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အဆိုတင်သွင်းစဉ်။



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း အဆိုတင်သွင်းစဉ်။

ဆိပ်ကမ်းကို ရေနံစိမ်းကုန်ချရန်အတွက် ဆိုက်ကပ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရေပိုင်နက်အတွင်းသို့ သင်္ဘောများဝင်လာစဉ်ဖြစ်စေ၊ ဆိပ်ကမ်းဝင်၊ ထွက်စဉ်တွင်ဖြစ်စေ၊ ကမ်းနားကပ်ထားပြီး ကုန်ချနေစဉ်ဖြစ်စေ၊ လူကြောင့်သော်လည်းကောင်း၊ စက်ပစ္စည်းကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း ရေနံနှင့်ရေနံထွက်ပစ္စည်းများ ယိုဖိတ်ကာပင်လယ်တွင်းသို့ ကျရောက်မှုများ အချိန်မရွေးဖြစ်ပေါ်လာနိုင်ပါကြောင်း။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမီးလင်းချိုင်ဒေသတွင် မကြာမီပေါ်ထွန်းလာမည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်မီးစက်အတွက်လည်း ဆွစ်ဇာလန်နိုင်ငံအခြေပြု Clearlake Shipping Co., မှ LNG Carrie ဓာတ်ငွေ့အရည်တင်သင်္ဘောများလည်း ဝင်ထွက်သွားလာတော့မည် ဖြစ်ပါကြောင်း။

အန္တရာယ်ဖြစ်နိုင်ခြေ ပိုမိုများလာလျက်ရှိပါကြောင်း၊ ပင်လယ်တွင်း ဆီယိုဖိတ်မှုဖြစ်ခဲ့သော် အဆိုပါဒေသရှိ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ လူမှုဝန်းကျင်ထိခိုက်နစ်နာခြင်း၊ လူနှင့်သတ္တဝါများ ကျန်းမာသန်စွမ်းရေးထိခိုက်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း စသည်များဆက်တိုက်ဖြစ်ပေါ်တွေ့ကြုံနိုင်ပါကြောင်း၊ သက်ဆိုင်ရာဒေသရှိ ကုန်း၊ ရေ၊ လေထဲတွင် နေထိုင်ကျက်စားသည့် ငှက်များ၊ ဖျံများ၊ ငါးများ၊ ဝေလငါးများ စသည့်ရေသတ္တဝါမျိုးစုံနှင့် မျိုးစိတ်များ၊ သဘာဝအလှအပ သန္တာကျောက်တန်းများနှင့် ဂေဟစနစ်များ ပျက်သုဉ်းကြရပါကြောင်း။

အကယ်၍ ဆီယိုဖိတ်မှုဖြစ်လာလျှင် ဆီလွှာပြင်ကြီးသည် ဒီရေအတက်အကျ၊ ပင်လယ်ရေစီးကြောင်း၊ တိုက်ခတ်သည့်လေတို့နှင့်အတူ ပျံ့နှံ့မျောပါနိုင်ပြီး မြန်မာ့ကမ်းရိုးတန်းနှင့် အနီးဆုံးရှိနေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင်ပါ ယိုဖိတ်သည့်ရေနံစိမ်းများ ပျံ့နှံ့ရောက်ရှိသွားနိုင်ကာ အာရှဒေသတွင်း ပြဿနာများကို ဆက်တိုက်ရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအကျိုးစီးပွားကို ပြီးပြည့်စုံအောင်ကာကွယ်ပေးနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းထားရှိရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း။

## မိမိတို့နိုင်ငံတွင် ဆီလျှံခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးပါကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမြန်ဆုံးအကောင်အထည်ဖော်သင့်

မိမိတို့နိုင်ငံသည် ၁၉၅၁ ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကာ ကမ္ဘာ့ပင်လယ်ရေကြောင်းလောကတွင်

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ( ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာ ပေါင်းစုံ ငြိမ်းချမ်းရေး( ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း ဒုတိယနေ့ကိုယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။




မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး( ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

**ပြန်လည်ရှင်းလင်းဆွေးနွေး**

အကြံပြုဆွေးနွေးဝိုင်း ဒုတိယနေ့တွင် ယမန်နေ့ကအစုအဖွဲ့များမှ ကဏ္ဍအလိုက် ဆွေးနွေးထားသည့် ပညာရေးကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးမြင့်က လည်းကောင်း၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသောအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်အန်ဂျလာသောင်းကလည်းကောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်စန်းစန်းမြင့်က လည်းကောင်း၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဆရာရှမွေလက လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့ Core Member ဦးအေးလွင်က လည်းကောင်း ပြန်လည်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာဘာသာပေါင်းစုံငြိမ်းချမ်းရေး အဖွဲ့ Co-Moderator Rev. Kosho Niwano ၊ အင်ဒိုနီးရှားနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ Moderator Prof. Dr .Din Syamsuddin တို့က အကြံပြုဆွေးနွေးဝိုင်းမှ ဆွေးနွေးချက်များအပေါ် ၎င်းတို့၏ အမြင်များအား ဆွေးနွေးကြသည်။

**လက်တွေ့အကောင်အထည်ဖော်မှုများ ဆောင်ရွက်**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဒုတိယအကြိမ် ဘာသာပေါင်းစုံဆွေးနွေးပွဲမှ အစုအဖွဲ့အလိုက် ဆွေးနွေးမှုများ၏ ရလဒ်များအား လက်တွေ့အကောင်အထည်ဖော်မှုများကို စဉ်ဆက်မပြတ် သတ်မှတ်အချိန်အတိုင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့ နာယက ကာဒီနယ်ချားလ်ဘို၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဘီရှော့ဂွန်နာစတော့ဆက်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း အောင်မြင်စွာကျင်းပပြီးစီးသည်။

**အကြံပြုချက်များဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်**

ယခုဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်း၌ ပညာရေးကဏ္ဍတွင် အကြံပြုချက် (၅)ချက်၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကဏ္ဍ အကြံပြုချက်( ၅)ချက်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍအကြံပြုချက်(၁၁) ချက်၊ လူငယ်များနှင့်ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကဏ္ဍ အကြံပြုချက် (၇) ချက်၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍ အကြံပြုချက်(၇) ချက်ရရှိခဲ့ပြီး ယင်းအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဆွေးနွေးဝိုင်း ဒုတိယနေ့သို့ ပြင်ဦးလွင်မြို့ အာရှအလင်းရောင်ကျောင်းတိုက် ဆရာတော်ဦးစိန္တိတနှင့် ဆရာတော်များကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဘာသာပေါင်းစုံကိုယ်စားလှယ်များ တက်ရောက် ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ဦးဆောင်မှု အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နောက်ပိုင်းတွင် IMO အဖွဲ့ဝင်ဖြစ်ခဲ့ကြသော နိုင်ငံများသည် ယင်းတို့၏နိုင်ငံကို အကာအကွယ်ပေးသည့် ဥပဒေများကို ပြည့်စုံစွာပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း မိမိတို့တွင် နိုင်ငံတော်နှင့် နိုင်ငံသားများကို အကာအကွယ်ပေးသည့် ပင်လယ်ရေကြောင်းဘက်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းထားရှိမှု အလွန်နည်းပါးလျက်ရှိပါကြောင်း။

ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ပထမဦးဆုံး ကာကွယ်တားဆီးခြင်းဆိုင်ရာ ဥပဒေများရှိရန်လိုအပ်ပါကြောင်း၊ Annex (I) ကို IMO နှင့် သဘောတူလက်မှတ်ထိုးထားသော်လည်း မိမိတို့နိုင်ငံတွင် ဆီလျှံခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးပါကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမြန်ဆုံးအကောင်အထည်ဖော်သင့်ပါကြောင်း၊ မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိရောက်စွာ အကာအကွယ်ပေးနိုင်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း ဆီလျှံခြင်းဆိုင်ရာဥပဒေ၊ ဆီလျှံခြင်းအတွက် အရေးပေါ်တုံ့ပြန်သည့် အစီအမံများနှင့် ဆီလျှံခြင်းအတွက် ကာကွယ်တားဆီးရေး ဆောင်ရွက်မည့်အဖွဲ့များ မြေပြင်နှင့် ရေပြင်တွင် အသင့်ရှိနေကြရတော့မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**မော်စီ၊ လူမော်**

---

# ရန်ကုန်မြို့ မီးပွိုင့်စနစ်ကို ယာဉ်ကြောထိန်းချုပ်ရေးဗဟိုဌာနမှ တိုက်ရိုက်ကွပ်ကဲသည့်စနစ် စတင် စမ်းသပ်

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ မီးပွိုင့်စနစ်အား ယာဉ်ကြောထိန်းချုပ်ရေးဗဟိုဌာနမှ တိုက်ရိုက်ကွပ်ကဲသည့်စနစ်ကို ယနေ့စတင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ယာဉ်ကြောထိန်းချုပ်ရေးဗဟိုဌာန နည်းပညာအရည်အသွေးစစ်ဆေးမှု ကော်မတီထံမှ သိရသည်။

အဆိုပါ စမ်းသပ်မှုကို မေ ၈ ရက်နှင့် ၉ ရက်များတွင် မနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းတစ်ကြိမ် ပြုလုပ်မည်ဖြစ်ပြီး နံနက်ပိုင်းတွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ညနေပိုင်းတွင် ညနေ ၃ နာရီ မှ ည ၇ နာရီအထိ လည်းကောင်း စမ်းသပ်ထိန်းချုပ်မှုကို ပြုလုပ်မည်ဖြစ်သည်။

ယနေ့စတင်စမ်းသပ်မှုနှင့်ပတ်သက်၍ ယာဉ်ကြောထိန်းချုပ်ရေးဗဟိုဌာန နည်းပညာ အရည်အသွေးစစ်ဆေးမှုကော်မတီအတွင်းရေးမှူး ဦးသန်းဝင်းက "ဒီနေ့ မနက် ၇ နာရီကစပြီး စမ်းသပ်ခဲ့ပါတယ်။ စမ်းသပ်ပြီးတော့ မနက် ၉ နာရီ ၄ မိနစ်မှာတော့ ယာဉ်ကြောကျပ်တည်းမှုအခြေအနေဟာ အတိုင်းအတာတစ်ခုအထိအောင် ဆိုးရွားလာပြီဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီမှာရှိနေတဲ့တာဝန်ရှိသူအားလုံးဆုံးဖြတ်ချက်နဲ့ ၉ နာရီ ၄ မိနစ်မှာ ရပ်ဆိုင်းခဲ့ပါတယ်။ ပြုပြင်ဖို့လိုအပ်တဲ့ အချက်အလက်တွေ အကုန်လုံးကို မြန်မာ့ရွှေအင်းကုမ္ပဏီနဲ့ CRCC ကုမ္ပဏီကို အပ်နှံခဲ့တယ်။ အဲဒါကို သူတို့ ပြန်လည်ပြုပြင်ပြီးတော့ ညနေ ၃ နာရီမှာ ပြန်လည်စတင်လည်ပတ်ပါတယ်။ အဲဒီမှာ ၃ နာရီက လည်ပတ်လိုက်တာ ၅ နာရီ ၅၈ မိနစ်ရောက်တဲ့အချိန်မှာ ယာဉ်ကြောကျပ်တည်းမှုဟာ အတိုင်းအတာတစ်ခုအထိအောင် ဆိုးရွားလာတဲ့အတွက် ကြောင့်မို့လို့ နည်းပညာကျွမ်းကျင်သူတွေအားလုံးရဲ့ စုပေါင်းဆုံးဖြတ်ချက်နဲ့ ရပ်ဆိုင်းခဲ့ပါတယ်။ ဒါကတော့ ဒီနေ့ စမ်းသပ်မှုရဲ့အခြေအနေပါ" ဟု ပြောကြားခဲ့သည်။



ရန်ကုန်မြို့တွင်း၌ မောင်းနှင်နေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

ရန်ကုန်မြို့တွင် ရှိရှိမီးပွိုင့် ၁၅၁ ခုနှင့် အဝိုင်းသုံးခုရှိပြီး အဝိုင်းသုံးခုကို ပြီးခဲ့သည့်လပိုင်းများတွင် စမ်းသပ်ခဲ့ပြီးဖြစ်၍ ယခုစမ်းသပ်မှုတွင် ပါဝင်ခြင်းမရှိကြောင်း သိရသည်။ မီးပွိုင့်ထိန်းချုပ်မှုစနစ် စမ်းသပ်ရာတွင် Green Way စနစ်များ၊ VIP လမ်းကြောင်းများ ပါဝင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်မတိုင်မီကပင် ရန်ကုန်မြို့၏ ယာဉ်သွားလာမှုစနစ် ကျပ်တည်းလာပြီး ယာဉ်ကြောပိတ်ဆို့မှုကို ၃၀ ရာခိုင်နှုန်းအထိ ဖြေလျှော့နိုင်ရန် မီးပွိုင့်စနစ်များ ပြုပြင်ပြောင်းလဲရန် လိုအပ်ခဲ့သည်။ ထိုသို့ပြုပြင်ပြောင်းလဲရန်အတွက် တင်ဒါ ခေါ်ယူခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၌ မြန်မာ့ရွှေအင်းကုမ္ပဏီနှင့် တရုတ်နိုင်ငံမှ CRCC ကုမ္ပဏီတို့က ပူးတွဲတင်ဒါ အောင်မြင်ခဲ့သည်။ မူလစာချုပ် ချုပ်ဆိုစဉ် ၆ လနှင့်အပြီး ဆောင်ရွက်ရန်ဟူသော အချက်ပါဝင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခဲ့ရကြောင်း သိရသည်။

ယနေ့ပြုလုပ်သော စမ်းသပ်လည်ပတ်မှုတွင် တွေ့ရှိသောအားနည်းချက်အကြောင်းကို မြန်မာနည်းပညာရှင်တစ်ဦးဖြစ်သူ ယာဉ်ကြောထိန်းချုပ်ရေးဗဟိုဌာန နည်းပညာအရည်အသွေးစစ်ဆေးမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်က "မီးပွိုင့်နဲ့ထိန်းချုပ်တယ်ဆိုတဲ့နေရာမှာ သူ့ရဲ့အခြေခံအချက်အလက်က ယာဉ်ကြောသွားလာမှုအခြေအနေ၊ အဲဒါကို ပွိုင့်တိုင်းပွိုင့်တိုင်းမှာ တည့်တည့်သွားတာ ဘယ်နှစီးလဲ၊ ဘယ်ကွေ့ဘယ်နှစီးလဲ၊ ညာကွေ့ဘယ်နှစီးလဲဆိုတဲ့ဟာတွေကို အချက်အလက် ကောက်ရပါတယ်။ အဲဒီအချက်အလက်ပေါ်မူတည်ပြီးတော့ နည်းပညာအရ တည့်တည့်သွားဖို့ ဘယ်နှမိနစ်ပေးမလဲ၊ ဘယ်ကွေ့အတွက် ဘယ်နှမိနစ်ပေးမလဲ၊ တည့်နဲ့ ဘယ် နဲ့ကို တွဲပြီးပေးမလားဆိုတဲ့ အဲဒါတွေ အကုန်လုံးကို ဒီဇိုင်းလုပ်ရပါတယ်။ ဒီစနစ်မှာတော့ ကားအရေအတွက်ကောက်တဲ့ဟာကို ကင်မရာကနေပြီးတော့ စူးစမ်းလေ့လာပြီး အဲဒီအချက်အလက်တွေကို ကောက်တာပါ။ အဲဒီကောက်တဲ့နေရာမှာ တိကျမှုအားနည်းနေတာပါ။ အားနည်းနေတဲ့အခါကျတော့ မီးပွိုင့်ဒီဇိုင်းမှာ အားနည်းမှုလေးရှိနေတာပေါ့" ဟု ပြောကြားသည်။

နည်းပညာရှုထောင့်အရ မြန်မာပညာရှင်များ၏ တွေ့ရှိချက်ကို အစီရင်ခံစာပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

---

# မြောက်ဦးမြို့နယ် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**မြောက်ဦး မေ ၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ကျေးရွာအချို့ရှိ ရေတွင်း၊ ရေကန်များတွင် ရေများခန်းခြောက်ကာ သောက်သုံးရေအခက်ကြုံတွေ့နေရသဖြင့် မြောက်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များမှ မေ ၆ ရက်က တိမ်ညိုကျေးရွာသို့ သွားရောက်ကာ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၁၂၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များအတွက် တရုတ်သံရုံးက စာအုပ်များပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သမ္မတ ရှီကျင့်ဖျင်ရေးသားသော စာအုပ်များ လှူဒါန်း**

ဆက်လက်၍ တွေ့ဆုံဆွေးနွေးမှုအပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ပြန်ကြားရေးဝန်ကြီးဌာန၊ စာကြည့်တိုက်များအတွက် သမ္မတ ရှီကျင့်ဖျင်ရေးသားသော The Governance of China စာအုပ် ၄၅၆ အုပ် လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ သံအမတ်ကြီးက စာအုပ်များလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက သမ္မတ ရှီကျင့်ဖျင်ရေးသားသော **The Governance of China** စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# မြန်မာစာရေးဆရာကလပ်၏ အကြိုက်ဆုံးစာအုပ်ဆုနှင့် စာမူဆုချီးမြှင့်

## အကြိုက်ဆုံးစာအုပ်ဆုအဖြစ် "တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများ" နှင့် အခြားဝတ္ထုတိုများစာအုပ်နှင့် စာမူဆုအဖြစ် "တောင်တန်းများ၏မနက်ဖြန်" တို့ရရှိ

**ရန်ကုန် မေ ၈**

မြန်မာစာရေးဆရာကလပ်၏ (၂)နှစ်မြောက်အထိမ်းအမှတ် အကြိုက်ဆုံးစာအုပ် ဆု/စာမူဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပသည်။

မြန်မာစာရေးဆရာကလပ်၏ ၂၀၁၈ ခုနှစ် အကြိုက်ဆုံးစာအုပ်ဆုအဖြစ် "တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများ"နှင့် အခြားဝတ္ထုတိုများ စာအုပ်ဖြင့် ဆရာမ နှင်းဆီအောင်က ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် အကြိုက်ဆုံးစာမူဆုအဖြစ် "တောင်တန်းများ၏ မနက်ဖြန်" ဝတ္ထုရှည်ဖြင့် ဆရာမသဉ္ဇာလှိုင်(လားရှိုး) တို့က ရရှိခဲ့ကြသည်။

မြန်မာစာရေးဆရာ ကလပ်၏ နာယကဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်က "ဒီနေ့ဟာ ထူးခြားတဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အနှစ်သက်ဆုံး ရသစာပေဆုစာအုပ်ဆုကို စနစ်တကျ ကော်မတီဖွဲ့ရွေးချယ်ခဲ့ပြီး အလားတူပဲ စာမူဆုကိုလည်း ရသစာပေ ထူးချွန်တဲ့ စာရေးဆရာကြီးများကိုယ်တိုင် အကြိမ်ကြိမ်အထပ်ထပ် ရွေးချယ်ပြီး ဆုချီးမြှင့်တဲ့ ပွဲဖြစ်ပါတယ်"ဟု အမှာစကားတွင် ပြောကြားသည်။



မြန်မာစာရေးဆရာကလပ်၏ အကြိုက်ဆုံးစာအုပ် ဆု/စာမူ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပစဉ်။

ထို့နောက် "တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများ"နှင့် အခြားဝတ္ထုတိုများစာအုပ်ဖြင့် မြန်မာစာရေးဆရာကလပ် အကြိုက်ဆုံးစာအုပ်ဆုရရှိသည့် ဆရာမ နှင်းဆီအောင်အား မြန်မာစာရေးဆရာကလပ် ဒုတိယဥက္ကဋ္ဌ (၁) ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ)က လည်းကောင်း၊ "တောင်တန်းများ၏ မနက်ဖြန်"ဝတ္ထုရှည်ဖြင့် မြန်မာစာရေးဆရာကလပ် အကြိုက်ဆုံးစာမူဆုရရှိသည့် ဆရာမသဉ္ဇာလှိုင် (လားရှိုး)အား မြန်မာစာရေးဆရာကလပ် တွဲဖက်အတွင်းရေးမှူး(၂) ဆရာမ နှင်းဝေငြိမ်းက လည်းကောင်း ဆုများချီးမြှင့်ပေးသည်။

မြန်မာစာရေးဆရာကလပ် (၂)နှစ်မြောက် အထိမ်းအမှတ် အကြိုက်ဆုံး စာအုပ်ဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်၊ အကြိုက်ဆုံး စာမူဆုအတွက် ငွေကျပ် ငါးသိန်း၊ ဆုတံဆိပ်နှင့် စာအုပ်ထုတ်ဝေပေးမည်ဖြစ်ကြောင်း မြန်မာစာရေးဆရာကလပ်မှ သိရသည်။

ဆက်လက်၍ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား မြန်မာစာရေးဆရာကလပ် ဗဟိုကော်မတီဝင် ဟောပြော/စည်းရုံးရေး တာဝန်ခံ ဆရာဆောင်းဝင်းလတ်က ဆုရစာအုပ်နှင့် စာမူဆုများအပေါ် အကဲဖြတ်သုံးသပ်တင်ပြသည်။

ဆရာဆောင်းဝင်းလတ်က "ဆရာမ နှင်းဆီအောင်ရဲ့ တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများနှင့် အခြားဝတ္ထုတိုများ စာအုပ်ရေးဖွဲ့ရာမှာ စာရေးသူရဲ့ ရင်တွင်းခံစားမှု ပါရှိတာကို တွေ့ရပါတယ်။ လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လူလောက လူ့ပတ်ဝန်းကျင်ကို သင့်တင့်မျှတစွာ ရွေးချယ်သွားတာကို တွေ့ရှိရပါတယ်။ စာရေးသားမှု အနုပညာပိုင်းမှာလည်း အားကောင်းနေတာကို တွေ့ရှိရပါတယ်။ ကိုယ်ပိုင်စာရေးဟန်ကိုလည်း တွေ့ရပါတယ်။ ဇာတ်ကောင်ပြောစကား ဝါကျအသုံးအနှုန်းစကားလုံး ရွေးချယ်မှု ကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် အကောင်းဆုံး စာအုပ်ဆု ပေးတာပါ။

"ဆရာမသဉ္ဇာလှိုင် (လားရှိုး)ရဲ့ "တောင်တန်းများ၏ မနက်ဖြန်" ဝတ္ထုရှည်က ဝတ္ထုတစ်ပုဒ်အင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ဆွဲဆောင်မှုရှိတဲ့ ရသဝတ္ထုရှည်တစ်ပုဒ်ဖြစ်တာ တွေ့ရပါတယ်။ ခြုံငုံသုံးသပ်ကြည့်တဲ့အခါမှာတော့ လုံးချင်းဝတ္ထုစာမူ အဆင့်မီတာကို အားလုံးက သုံးသပ်မိပါတယ်။ အကြောင်းအရာပိုင်းကတော့ မြန်မာနိုင်ငံကနေ ရွှေ့ပြောင်းအလုပ်သမားတွေ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ သွားပြီးအလုပ်လုပ်တဲ့အခါမှာ လူငယ်တွေရဲ့မြန်မာမိသားစုအချင်းချင်း စောင့်ရှောက်အပ်တဲ့ အကြောင်းတရားတွေ၊ ဝတ္ထုစာအုပ်မှာပါတဲ့ လူငယ်သုံးဦးရဲ့ ချစ်ခြင်းမေတ္တာ အကြောင်းတရားတွေ၊ တစ်ယောက်နဲ့ တစ်ယောက် ထားရှိအပ်တဲ့ ကိုယ်ချင်းစာတရားတွေ၊ သူတို့ရဲ့ လူမှုဘဝပတ်ဝန်းကျင်ကို သွက်သွက်လက်လက် ရေးသားတာတွေ့ရပါတယ်။ စာဖတ်သူကို စိတ်လှုပ်ရှားစရာဖြစ်အောင်လည်း ဆွဲဆောင်ပြီး ရေးသားတဲ့ စာရေးဟန်ကို တွေ့ရတဲ့အတွက် မြန်မာစာရေးဆရာကလပ်ရဲ့ အကောင်းဆုံးစာမူဆုကို ချီးမြှင့်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာစာရေးဆရာကလပ်၏ ဥက္ကဋ္ဌအဖြစ် ဆရာကောင်းသန့်က တာဝန်ယူထားပြီး ဆရာမင်းယုဝေ၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာဂုဏ်ထူး ဦးသိန်းနိုင်နှင့် ဆရာဒေါက်တာသိန်းလွင်တို့က နာယကများအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာစာရေးဆရာကလပ်သည် မြန်မာနိုင်ငံ ပြည်သူ့နီတိပြန့်ပွားထွန်းကားရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ညွန့်ကိုကို ဓာတ်ပုံ-ဖိုးထောင်**

### အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဧပြီလ | | ၂၀၁၉ ခုနှစ်၊ ဧပြီလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၄၂၈၇ | ၁၆၁၈၇ | ၄၂၅၁၄ | ၁၆၄၉၃ | |
| ၂ | မန္တလေးလေဆိပ် | ၄၀၆၇ | ၃၃၆၁ | ၂၁၅၇၂ | ၄၂၄၂ | |
| ၃ | နေပြည်တော်လေဆိပ် | ၂၃၆ | ၁၉၈ | ၁၃၆ | ၂၂၈ | |
| ၄ | မြိတ်လေဆိပ် | ၃၂ | ၂၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၉၅ | ၁၁၉ | ၄၃၁၅ | ၅၀၂ | |
| ၆ | မြဝတီ | ၁၂၂၉ | ၃၇၅ | ၁၄၂၄ | ၁၂၄၅ | |
| ၇ | ကော့သောင်း | ၆၄၃ | ၉၉ | ၆၃၀ | ၆၀ | |
| ၈ | ထီးခီး | ၆၂ | ၂၆ | ၄၉ | ၅၈ | |
| ၉ | တမူး | ၁၄၇ | ၆ | ၂၆၉ | ၁၆ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၀ | ၂၃၉ | ၄ | |
| | စုစုပေါင်း | ၃၁၁၉၈ | ၂၀၃၉၂ | ၇၁၁၄၈ | ၂၂၈၄၈ | |

### အပြည်ပြည်ဆိုင်ရာလေဆိပ်ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၀၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၀၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၀၄၅ | ၂၃၉၄၉ | ၁၂၃၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| | စုစုပေါင်း | ၃၇၄၉၇၆ | ၁၄၇၈၀၈ | ၅၂၂၇၈၄ | ၅၇၂၉၆၉ | ၁၅၁၂၀၄ | ၇၂၄၁၇၃ |

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ တောင်ကြီးမြို့၌ လေးရက်ကြာ ဒေသစာရီကြွချီအပူဇော်ခံမည်

**ဝမ်းတွင်း မေ ၈**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျောက်တိုင်ကွင်း အားကစားရုံ၌ မေ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာ အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနိုင်မောင်မောင်စိုးက "မေ ၉ ရက်မှာ ဝမ်းတွင်းမြို့ကနေ တောင်ကြီးမြို့ကို ပင့်ဆောင်ပူဇော်မှာဖြစ်ပြီး တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း အားကစားခန်းမမှာ လေးရက်တာ အပူဇော်ခံထားရှိမှာပါ။ မေ ၁၁ ရက်ညမှာ ဆရာတော်အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေး တရားတော်ကို ဟောကြားချီးမြှင့်သွားမှာပါ။ ၁၂ ရက်မှာတော့ တောင်ကြီးမြို့ကနေ ကယားပြည်နယ် လွိုင်ကော်မြို့ကို ဆက်လက်ပြီး ဒေသစာရီကြွချီအပူဇော်ခံသွားမှာပါ"ဟု ပြောသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ခုနစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့မှ ဝမ်းတွင်းမြို့သို့ ပင့်ဆောင်ပူဇော်ပြီး ဝမ်းတွင်းမြို့ရှိ မြတ်ညီနောင်ဘုရား၌ ရင်ငွေ့လှုံကာ ဒေသခံ သဲတော-ဝမ်းတွင်း ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မဟာဓမ္မဗိမာန်တော်ကြီးတွင် အပူဇော်ခံထားရှိသည်။



ယနေ့ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းသာယာမှုရရှိစေရန် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ဒေသခံတရားချစ်ခင်သူတော်စင်များက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာတွင် နဝမအကြိမ်မြောက် BCSM သင်တန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း မေ ၈**

ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ သောတာပန်ရပ်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC) ၌ ယမန်နေ့က ဆင်ယင်ကျင်းပခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး သာသနာရေးမှူး၊ Eden Group နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌမိသားစုကိုယ်စား မြန်မာ့ရှေ့ဆောင်ဘဏ် (စစ်ကိုင်း)မှ အကြီးတန်းမန်နေဂျာနှင့် ရုံးဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် IBEC ဆရာတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိကြပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC) ကျောင်းတော်၏ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များကို ပရိုဂျက်တာဖြင့် တင်ဆက်ပြသသည်။



သင်တန်းသား သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့နောက် စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော်က ကြိုဆိုနှုတ်ခွန်းဆက်စကား မြွက်ကြားပြီး နိုင်ငံတော်အစိုးရအဖွဲ့ ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဝမ်းမြောက်စကား ပြောကြားကာ နီပေါနိုင်ငံ မေတ္တာပရဟိတအသင်း တည်ထောင်သူ Track Nepal ၏ ဥက္ကဋ္ဌ Mr. Piya Ratana က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ငြိမ်းချမ်းရေးအဖွဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr. Pasit က နှုတ်ဆက်စကားပြောကြားပြီး သင်တန်းကုန်ကျစရိတ်များကို လှူဒါန်းပေးသော Eden ကုမ္ပဏီနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌမိသားစုကိုယ်စား တာဝန်ရှိသူတစ်ဦးက ဝမ်းမြောက်စကား ပြောကြားသည်။

IBECဆရာတော်အရှင်သောဘိတ (စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင်) ၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှု နည်းပညာသင်တန်းကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် နဝမအကြိမ်မြောက် ရောက်ရှိပြီဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို ၂၀၁၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၁၀၀ ခန့်ဖြင့် ကျင်းပကြောင်း သိရသည်။ အဆိုပါ သင်တန်းကို မေ ၇ ရက်မှ ၁၅ ရက်အထိ ၇ ရက် ပြုလုပ်သွားမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အမျိုးသားစာကြည့်တိုက်(နေပြည်တော်) (၆)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

**နေပြည်တော် မေ ၈**

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ (၆)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲတော်ကို ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး ကုမုဒြာကြာပန်းအဝိုင်းအနီးရှိ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် မေ ၁၀ ရက်မှ ၁၂ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

မေ ၁၀ ရက်တွင် ဆရာမမစန္ဒာ၊ ဆရာ နေဝင်းမြင့်နှင့် ဆရာမခင်ခင်ထူးတို့၏ မြန်မာစာပေဆိုင်ရာ ဟောပြောပွဲ ပြုလုပ်မည်ဖြစ်ပြီး ပွဲတော်ရက်များတွင် ရှားပါးစာအုပ်များပြပွဲ၊ မှတ်တမ်းဓာတ်ပုံများပြပွဲ၊ လက်မှုပညာအစီအစဉ်၊ ဉာဏ်စမ်းပဟေဠိနှင့် ကလေးစာကြည့်တိုက်လှုပ်ရှားမှု အစီအစဉ်များကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြုလုပ်သွားမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် မြန်မာ့ရိုးရာ ရုပ်သေးအစီအစဉ်ကို နံနက်၁၁ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတွင် တစ်ကြိမ် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့ပြင် စာအုပ်အရောင်းဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အစားအသောက်အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်သဖြင့် မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်းနှင့် ပွဲတော်ရက်များတွင် အများပြည်သူလာရောက် နိုင်ရန်အတွက် မော်တော်ယာဉ်အကြို၊ အပို့အစီအစဉ်များကို နံနက်ပိုင်းတွင် ပျဉ်းမနားပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ နံနက် ၉ နာရီတွင် လည်းကောင်း၊ သပြေကုန်း မစိုးရိမ်စာသင်တိုက်ရှေ့၌ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပျဉ်းမနားပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ မွန်းလွဲ ၁နာရီတွင် လည်းကောင်း၊ သပြေကုန်း မစိုးရိမ်စာသင်တိုက်ရှေ့၌ မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကျင်းပမည်

**နေပြည်တော် မေ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**"၂၀၁၉ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် (The 2019 South & Southeast Asia Commodity Expo and Investment Fair"** ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ တျန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (Kunming Dianchi International Convention and Exhibition Center တွင် ဇွန် ၁၂ ရက်မှ ၁၈ ရက် အထိကျင်းပမည်ဖြစ်သည်။ တရုတ်ပြပွဲကော်မတီဘက်မှ ပြခန်း (၆၆) ခန်းကို မြန်မာနိုင်ငံအတွက် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော် ဖုန်း၊ ၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်) ဖုန်း၊၀၁-၂၅၆၀၂၄၊ email: itpic.moc@gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်တွင် ပြောင်းစိုက်ဧက ၁၅၀ ခန့် ငမြှောင်တောင်ပိုး ကျရောက်ဖျက်ဆီးခဲ့မှု ကာကွယ်နှိမ်နင်းနိုင်

**ဆီဆိုင် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ နောင်အယ်ကျေးရွာနှင့် ထီဖူးကျေးရွာတို့မှ တောင်သူများ ရေသွင်းစိုက်ပျိုးထားသော နွေပြောင်းသီးနှံစိုက်ခင်းအချို့တွင် ဧပြီ ၂၇ ရက်က ငမြှောင်တောင်ပိုး ကျရောက်ဖျက်စီးခဲ့မှုကို ကာကွယ်နှိမ်နင်းနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ငမြှောင်တောင်ပိုးကျရောက်စဉ်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ကြင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းပြီး ငမြှောင်တောင်ပိုးကာကွယ်နည်းများနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းလမ်းများ လက်တွေ့ရှင်းလင်းသရုပ်ပြခဲ့ပြီး ပိုးသတ်ဆေးအချို့ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စိုက်ခင်းပိုင်ရှင်တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများက စဉ်ဆက်မပြတ် ပိုးသတ်ဆေးဖျန်းခြင်း၊ ကင်းထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သောကြောင့် ယခုအခါ ၎င်းပိုးကျခဲ့သော ဧက ၁၅၀ ခန့်မှ ထိခိုက်မှုအနည်းငယ်ရှိသော်လည်း ပြန်လည်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



ကြည့်မြင်တိုင်မြို့နယ်အတွင်း မှူခင်းအသိပညာပြည့်ဝစေရေးအတွက် မေလ ပထမပတ်က မကျည်းတန်းမြောက် အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင်က ရပ်ကွက်ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# အာဆီယံနိုင်ငံများ အားကစားရည်မှန်းချက် ၂၀၁၆-၂၀၂၀ နှစ်ဝက်ပိုင်းကာလ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် Asean Work Plan on Sports 2016-2020 Mid-Term Review Validation Workshop အစည်းအဝေးအား မေ ၇ ရက် နံနက် ၉ နာရီ Kempinski Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် တက်ရောက်၍ အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ကာ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်နှင့် တာဝန်ရှိသူများ၊ အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံရုံးချုပ်မှ အားကစားဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အာဆီယံ ၁၀ နိုင်ငံ အားကစားလှုပ်ရှားမှုများအား တိုးမြှင့်လုပ်ဆောင်ခြင်းသည် တစ်ကမ္ဘာလုံးတွင် အတားအဆီးမရှိ ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်ပါကြောင်း၊ ယနေ့ အစီအစဉ်အရ အာဆီယံနိုင်ငံများတွင် အားကစားရည်မှန်းချက် ၂၀၁၆-၂၀၂၀ ကာလအတွင်း နှစ်ဝက်ပိုင်းကာလ၏ အရေးပါသည့် အားကစားလုပ်ဆောင်ပြီးစီးမှုများ၊ လုပ်ဆောင်ရန် ကျန်ရှိမှုများ အကြောင်းအရာများစွာကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသများကြားတွင် အားကစားကဏ္ဍအား တိုးမြှင့်လုပ်ဆောင်ရေးအတွက် အရေးပါသည့် အကြောင်းအရာများနှင့် လက်ရှိဖြစ်ပျက်နေသော အကြောင်းအရာများအပေါ်တွင် အမြင်ချင်းဖလှယ် ဆွေးနွေးမှုပြုလုပ်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။




ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ မြန်မာကိုယ်စားလှယ်ခေါင်းဆောင်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံ ၁၀ နိုင်ငံ ကိုယ်စားလှယ်များက အာဆီယံ ရိုးရာ အားကစားပြိုင်ပွဲများ ကျင်းပရေး ကိစ္စရပ်များ၊ နည်းပြများအား သက်ဆိုင်ရာ သင်တန်းများပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ ကျောင်းသား အားကစားသမားများအတွက် စေတနာ့ ဝန်ထမ်းအစီအစဉ်များ ဆောင်ရွက်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆီးဂိမ်းပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ အားကစားကွင်း/ရုံဆိုင်ရာ ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကိစ္စရပ်များ၊ ရိုးရာအားကစားပွဲဆိုင်ရာ အပြင် အခြားသော အစည်းအဝေးနှင့် ညီလာခံကျင်းပခြင်းဆိုင်ရာကိစ္စရပ်များ၊ ဂျပန်နိုင်ငံ ကဲ့သို့သော အခြားအာဆီယံမဟုတ်သည့် နိုင်ငံများနှင့် ဆက်သွယ်ခြင်းနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံနိုင်ငံအတွင်း အားကစား သံတမန်များနှင့် အားကစားစံပြများ ခန့်အပ်ခြင်း ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို မေ ၇ ရက်မှ ၉ ရက်အထိ Kempinski Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❒ *ကျော့ဖုံးမှ*

ယင်းနောက်ပိုင်း ရခိုင်အသင်း အခွင့်အရေးပြန်ရလာပြီး ၈၁ မိနစ်တွင် ဇော်သိန်းဝင်းက ချေပဂိုး ပြန်သွင်းခဲ့သည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း ဂိုးထပ်မသွင်းနိုင်၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ရခိုင်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် လေးလုံး ကန်သွင်းရာ သက်ထွန်းအောင်၊ ဆင်မြူရယ်၊ ဇော်သိန်းဝင်းနှင့် ချမ်းဦးတို့အားလုံး ဂိုးဝင်ပြီး ဇွဲကပင်အသင်းက ငါးလုံးကန်သွင်းရာ သက်ပိုင်ထွေး၊ ပက်ထရစ်နှင့် ဇင်မင်းထွန်းတို့သာ ဂိုးဝင်ပြီး ကင်မ်နှင့် အောင်ဝဏ္ဏစိုးတို့ ဂိုးမဝင်၍ ရခိုင်အသင်း အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကွာတားဖိုင်နယ်တွင် ဟံသာဝတီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ကွာတားဖိုင်နယ်တွင် ရခိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**




(၁၄) ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးအဖြစ် ဦးအောင်ညီညီကျော်၊ ဦးပြည်စိုးမိုးနှင့် ဦးဆန်းရှိန်သက်တို့ ပါဝင်ဆောင်ရွက်ခဲ့ပြီး ယင်းပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာတိုက်ကွမ်ဒို ဒိုင်လူကြီးအဖွဲ့ကို တွေ့ရစဉ်။ အာကာစိုး

---

# လီဗာပူးတို့ ဘာစီလိုနာကို အနိုင်ယူပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲ နှစ်နှစ်ဆက် တက်ရောက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အင်္ဂလန်မြေ၌ လီဗာပူးနှင့် ဘာစီလိုနာတို့ မေ ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် လီဗာပူးအသင်း လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရခဲ့သည်။

**ဂိုးပြတ်အနိုင်ရရှိ**

ယင်းနှစ်သင်းသည် ပထမအကျော့ စပိန်မြေ၌ ယှဉ်ပြိုင်ခဲ့စဉ်က အိမ်ရှင် ဘာစီလိုနာအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိထားသည်။ ယနေ့ပွဲတွင် အန်ဖီးလ်ကွင်း၌ နှစ်သင်းစလုံး ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အိမ်ရှင် လီဗာပူးအသင်းတွင် အဓိကအားထားရသော ဖာမီနိုနှင့် မိုဟာမက်ဆာလက်တို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်ခဲ့ဘဲ တိုက်စစ်ပိုင်းတွင် မာနေး၊ အိုရီဂီနှင့် ရှာကီရီတို့ ပါဝင်လာပြီး ဧည့်သည် ဘာစီလိုနာအသင်းတွင် လူစုံပါဝင်ကာ ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၇ မိနစ်တွင် အိုရီဂီက လီဗာပူးအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းတွင် လီဗာပူးနည်းပြ ဂျာဂျန်ကလော့ပ်က နည်းဗျူဟာ အပြောင်းအလဲတစ်ခု ပြုလုပ်ခဲ့ကာ နောက်တန်းကစားသမား ရိုဘတ်ဆန် နေရာတွင် ဝီဂျေနယ်ဒမ်ကို အစားထိုးကစားပေးခဲ့သည်။ ပွဲချိန် ၅၄ မိနစ်နှင့် ၅၆ မိနစ်တွင် လူစားဝင်လာသော ဝီဂျေနယ်ဒမ်က နှစ်ဂိုး သွင်းယူကာ ၇၉ မိနစ်တွင် ထောင့်ကန်ဘောမှ အာနိုး၏ မထင်မှတ်သော ကန်တင်ဘောကို တိုက်စစ်မှူး အိုရီဂီက လီဗာပူးအတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

**ဗိုလ်လုပွဲသို့ နှစ်နှစ်ဆက်တိုက် တက်ရောက်**

လီဗာပူးအသင်းသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ နှစ်နှစ်ဆက်တိုက် တက်ရောက်ခဲ့သည်။ နည်းပြ ဗယ်ဗာဒီ တာဝန်ယူကိုင်တွယ်နေသည့် စပိန် ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် ယမန်နှစ် ကွာတားဖိုင်နယ်တွင်လည်း အီတလီကလပ် ရိုးမားကို အိမ်ကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိထားပြီး အဝေးကွင်းတွင် သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကာ ယခုနှစ်တွင်လည်း အဝေးကွင်းအားနည်းမှုကြောင့် အကြိုဗိုလ်လုပွဲမှ ထွက်ခွာခဲ့ရသည်။ ယနေ့ပွဲအနိုင်ရရှိသည့် လီဗာပူးအသင်းသည် ချန်ပီယံလိဂ် အမည်ပြောင်းပြီး နောက်ပိုင်းတွင် အဝေးကွင်း သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီး အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်လာသည့် ပထမဦးဆုံးအသင်း ဖြစ်လာသည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို စပိန်နိုင်ငံ မက်ဒရစ်မြို့ အက်သလက်တီကိုအသင်း၏ မီထရိုပိုလီတာနိုကွင်းကြီးတွင် ဇွန် ၂ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **သီဟ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အမ်ဘတ်ပီအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရီးရဲ ကမ်းလှမ်းဖွယ်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘတ်ပီ (၂၀နှစ်) အား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၄၀ ဖြင့် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဟာဇက်အတွက် ကမ်းလှမ်းမှုနှစ်ရပ်အား ချယ်လ်ဆီးပယ်ချ**

ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက် (၂၈နှစ်) အတွက် ကမ်းလှမ်းမှုနှစ်ရပ်အား ပယ်ချလိုက်ကြောင်း မေရာတွင် ဖော်ပြထားသည်။

**အေဆန်စီယိုအား ခေါ်ယူရန်အတွက် ကလော့ဗ် ထပ်မံကြိုးစားသွားဖွယ်ရှိ**

လီဗာပူးနည်းပြ ကလော့ပ်သည် ရီးရဲမက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား မားကိုစ် အေဆန်စီယို (၂၃နှစ်) အား ခေါ်ယူရန်အတွက် နောက်ထပ်တစ်ကြိမ် ထပ်မံကြိုးစားသွားဖွယ်ရှိကြောင်း စပိန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ကွန်ပနီ တစ်နှစ်သက်တမ်းတိုးပြီး အသင်း၌ ရှိနေမည်ဟု မန်စီးတီးမျှော်လင့်နေ**

မန်စီးတီးအသင်းသည် ဘယ်လ်ဂျီယံဗဟိုခံစစ်မှူး ဗင်းဆင့် ကွန်ပနီအနေဖြင့် တစ်နှစ်သက်တမ်းတိုးပြီး အသင်း၌ ရှိနေမည်ဟု မျှော်လင့်နေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အီဒူးအား နည်းစနစ်ဒါရိုက်တာအသစ်အဖြစ် အာဆင်နယ်ခန့်အပ်သွားဖွယ်ရှိ**

အာဆင်နယ်အသင်းသည် ကစားသမားဟောင်း အီဒူးအား အသင်း၏ နည်းစနစ်ဒါရိုက်တာအသစ်အဖြစ် နွေရာသီတွင် ခန့်အပ်သွားဖွယ်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**တူရကီကလပ် ဂါလာတာစာရေး အသင်းသို့ ဘာဘဲလ် ပြောင်းရွှေ့ဖွယ်ရှိ**

ဖူလ်ဟမ်အသင်းမှ နယ်သာလန်တောင်ပံကစားသမား ရိုင်ယန် ဘာဘဲလ် (၃၂နှစ်) သည် အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် တူရကီကလပ် ဂါလာတာစာရေး အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

---

◆ *ကျော့ဖုံးမှ*

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ည ၇ နာရီခန့်မှာ ရန်ကုန်လေဆိပ်ကို ဆင်းလာတဲ့ Biman Bangladesh လေကြောင်း လိုင်းက လေယာဉ်ဟာ ပြေးလမ်းနဲ့ ဘီးမထိဘဲ ပေ ၆၀၀၀ လောက်မှ ပြေးလမ်းနဲ့ ဘီးသွားထိတယ်။ နောက်ကျသွားလို့ပြန်တက်ဖို့ ကြိုးစားတဲ့အခါမှာ မတက်နိုင်တော့ဘဲ ပြန်ကျပြီး ပြေးလမ်းအဆုံး ညာဘက်ထိပ်ကိုပြန်ကျတယ်။ လေယာဉ်တောင်ပံ နှစ်ခု ကျိုးပြီး ကိုယ်ထည်တွန့်ခေါက်ပျက်စီးသွားတယ်" ဟု ပြောသည်။

ဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခေတ္တပိတ်ထားပြီး ယင်းအချိန်တွင် ဆင်းသက်မည့် ပြည်တွင်းလေယာဉ်များသည် နေပြည်တော်လေဆိပ်သို့ လည်းကောင်း၊ ပြည်ပလေကြောင်းလိုင်းများသည် ထိုင်းနိုင်ငံ ချင်းမိုင်သို့ လည်းကောင်း ဆင်းသက်ခဲ့ရကြောင်း သိရသည်။



လူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် ပြင်ဆင်နေစဉ်။

အဆိုပါဖြစ်စဉ်ကြောင့် လေယာဉ်မှူးတစ်ဦး၊ လေယာဉ်မယ်တစ်ဦး၊ အင်ဂျင်နီယာတစ်ဦးနှင့် ခရီးသည် တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ လေဆိပ်ရှိလူနာတင်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ကြောင်း၊ ကျန်ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအား လေဆိပ်အတွင်း ခေါ်ယူကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ အနည်းငယ်ဒဏ်ရာ ရရှိသော လေယာဉ်အမှုထမ်း သုံးဦးနှင့် ခရီးသည် ၁၂ ဦးအား မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ ထပ်မံပို့ဆောင်ကာ ကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ် ဖြစ်ပွားချိန်မှစ၍ လေယာဉ်ပြေးလမ်းကို ခေတ္တပိတ်ထားခဲ့ပြီး ပြေးလမ်း စစ်ဆေးခြင်း၊ ရှင်းလင်းခြင်းများဆောင်ရွက်စေခဲ့ရာ ည ၉ နာရီ ၁ မိနစ်တွင် လေယာဉ်ပြေးလမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ လေယာဉ်များ ပုံမှန်ပြန်လည်ဆင်းသက်လျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ လေဆိပ်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဌွေးနှင့် တာဝန်ရှိသူများ သွားရောက်ကာ ဒဏ်ရာရသူများအား အားပေးစကားပြောကြားခြင်း၊ အခင်းဖြစ်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မရမ်းကုန်းမြို့နယ် မြန်မာ့ကြယ်ဖြူ အသင်း မှ ကိုလွင်မောင်က "ကျွန်တော်တို့ လူမှုကူညီရေးအဖွဲ့တွေအားလုံး လူနာတင်ယာဉ်နဲ့အတူ ရောက်ရှိနေကြပါတယ်။ ခုမြောက်ဥက္ကလာဆေးရုံမှာရှိတဲ့ ဒဏ်ရာရ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ခြောက်ဦးပေါင်း ၁၉ ဦး ကို ရန်ကုန်ဆေးရုံကြီးကိုပို့ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ခွဲစိတ်ရမယ့် လူနာ လေးဦး ရှိတယ်။ နှစ်ဦးက ဒဏ်ရာနည်းနည်း ပြင်းထန်တယ်။ အဲဒီထဲမှာ လေယာဉ်မှူးလည်း ပါတယ်"ဟု ပြောသည်။

**ဇော်ကြီး (ပဏီတ)၊ ထင်ပေါ်ဝင်း၊ မျိုးမင်းသိန်း**

# AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများအား ဆက်လက်စစ်ဆေးဆောင်ရွက် ပတ်သက်ဆက်နွှယ်မှုမရှိသူ ၃၅ ဦးအား ပြန်လည်စေလွှတ်

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာစာသင်ကျောင်းတွင် AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်သူ မသင်္ကာဖွယ်အမျိုးသား ၂၇၅ ဦးအား တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ခေတ္တထိန်းသိမ်းထားရှိပြီး စစ်ဆေးမေးမြန်းလျက်ရှိရာမှ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိသူ ၁၂၆ ဦးအား မေ ၂ ရက်တွင်လည်းကောင်း၊ ၄၈ ဦးအား မေ ၆ ရက်တွင် လည်းကောင်း ပြန်လည်စေလွှတ်ပေးခဲ့ပြီး ယနေ့တွင် ၃၅ ဦးအား မသင်္ကာဖွယ်စာရင်းမှ ပယ်ဖျက်ပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ခေတ္တထိန်းသိမ်းထားသူများမှ စစ်ဆေးမေးမြန်းရန် ကျန်ရှိသူ ၈၃ ဦးအား ဥပဒေနှင့်အညီ အသေးစိတ်ဆက်လက်စစ်ဆေး မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ရာ AA အဖွဲ့ဝင်ဟု ကိုယ်တိုင်ဝန်ခံခဲ့သည့် သိန်းအေးမောင်၊ စိုးဝင်းကျော်၊ မောင်မောင်လှိုင်၊ ညီညီဌေးတို့လေးဦး၊ သံသယရှိသူနှစ်ဦး စုစုပေါင်း ခြောက်ဦးအား မေ ၈ ရက်တွင် စစ်တွေမြို့သို့ ပို့ဆောင်၍ တရားဥပဒေအရ အရေးယူနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်စစ်ဆေးမေးမြန်းလျက်ရှိသည့် ၇၈ ဦးအနက် ၃၅ ဦးမှာ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း ထပ်မံစိစစ်သိရှိရသဖြင့် ယနေ့တွင် မသင်္ကာဖွယ်ရာ စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ရှေ့မှောက်၌ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသူ ၄၃ ဦးအား ဆက်လက် စစ်ဆေးမေးမြန်းလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

**သတင်းစဉ်**




# မိုင်းတုံမြို့နယ်၌ RCSS/SSA ၏ အဖွဲ့က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး လွှဲပြောင်းပေးအပ်

**မိုင်းတုံ မေ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ၏ အဖွဲ့က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး အိုက်စ် ကီလိုဂရမ် ၃၀ အား လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မေ ၈ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် RCSS/SSA အဖွဲ့မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့်ဖြစ်စဉ်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၂၉) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးဝင်းဇော်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါမူးယစ်ဆေးဝါးများကို ဧပြီ ၂၆ ရက်က မိုင်းတုံမြို့နယ် နမ့်စင်ချောင်းဘေးတာမိန်းမွန်း(ကူးတို့ဆိပ်)၌ RCSS/SSA အဖွဲ့မှ စိုင်းထွန်းလှ ဦးစီး ၁၂ ဦးအဖွဲ့က ကြိုတင်သတင်းရရှိမှုမရှိဘဲ မူးယစ်ဆေးဝါးသယ်ဆောင်သူများနှင့် ရင်ဆိုင်ကြုံတွေ့သဖြင့် တားဆီးစစ်ဆေးရန် ကြိုးပမ်းစဉ် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အိုက်စ်ကီလိုဂရမ် ၃၀ ကို ဖမ်းဆီးရမိခဲ့ကာ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၅-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၈း၃၅ - ကျန်းမာရေးစကားဝိုင်း "စိတ်ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးပညာဆွေးနွေးမှု စကားဝိုင်း"
- ၉း၃၀ - ကျန်းမာရေးမဂ္ဂဇင်း "ဆယ်ကျော်သက် ကလေးသူငယ်မှာ ဖြစ်ပွားတတ်သော ဆီးချို၊ သွေးချိုရောဂါအကြောင်း သိကောင်းစရာ"
- ၁၀း၃၀ - မုန်တိုင်းကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ"(အပိုင်း-၇)
- ၁၄း၂၀ - People Talk "အပူဒဏ်ကိုကာကွယ်ဖို့ လိုက်နာကြပါစို့"

**ညပိုင်း**

- ၁၆း၂၀ - ခရီးသွားပြည်သူများ ရထားအန္တရာယ်ကင်းရှင်းရေး နှိုးဆော်ချက်
- ၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၀၂)
- ၁၇း၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (မိုးကြိုးအန္တရာယ်)
- ၁၉း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "စိတ်သစ် လူသစ် ဘဝသစ်ဆီသို့"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့ လင်းရောင်ခြည်"(အပိုင်း-၂၂)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ-မေဝင်းမောင်)

# ကွတ်ခိုင်မြို့၌ ဖုန်းအားသွင်းထားရာမှ မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**ကွတ်ခိုင် မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အမှတ်(၅)ရပ်ကွက် မြို့မဈေးအနီးရှိ စေတနာ ဖုန်းအရောင်းဆိုင်နှင့် မြတ်သူဇာကုန်စုံဆိုင်၌ မေ ၇ ရက် နံနက် ၄ နာရီ ၃၆ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားရာ ဆိုင်ပိုင်ရှင် ဦးစိုင်းလှိုင်ဝမ်း၏ ညီတော်စပ်သူ စိုင်းစံ (၃၇ နှစ်)မှာ နေအိမ်အတွင်း ပိတ်မိကာ သေဆုံးသွားကြောင်း သိရသည်။

ထို့ပြင် စေတနာဖုန်းဆိုင်ရှေ့တွင် ရပ်ထားသော Crown အဖြူရောင် (လိုင်စင်စိစစ်ဆဲ)နှင့် Misubishi အနက်ရောင်ယာဉ် (လိုင်စင်စိစစ်ဆဲ) တို့အား မီးကူးစက်လောင်ခဲ့ပြီး ၎င်းနှင့်ကပ်လျက်ရှိသော ဦးစိုင်းထွန်း၏ တောင်ပေါ်သူ Mobile အမည်ရှိ ဖုန်းအရောင်းဆိုင်ကိုလည်း ကူးစက်လောင်ရာ ဦးစိုင်းထွန်း၏ သမီးဖြစ်သူ မခင်နှင်း(၂၉ နှစ်)မှာ သေဆုံးသွားခဲ့သည်။ ဆိုင်ခန်းများနှင့်တစ်ဆက်တည်း ဆောက်လုပ်ထားသော ဦးစိုင်းလှိုင်ဝမ်း မိသားစု နေထိုင်သော အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၃၆ ပေရှိ RC သုံးထပ် ယာဘက်ခြမ်း မီးလောင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီခွဲခန့်တွင် မီးညွန့်ကျိုးပြီး ၆ နာရီ ၄၅ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မိုင်းညီ(ကွတ်ခိုင်)**

# ရန်ကုန်မြို့ မြန်မာ့စာတိုက်၌ မက်သာဖက်တမင်းများ တွေ့ရှိ ချောထုပ်လာရောက်ပေးပို့သူ သုံးဦးအား မူးယစ်တပ်ဖွဲ့သို့ လွှဲပြောင်းပေး

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့မြန်မာ့စာတိုက် Foreign Export Counter ၌ မေ ၇ ရက်က ပြည်ပသို့ တင်ပို့မည့် မက်သာဖက်တမင်း (Methamphetamine) အထုပ်သေး ၇၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်တစ်ထောင့်ငါးဆယ်ခြောက်သိန်း) ကို စစ်ဆေးတွေ့ရှိသဖြင့် ချောထုပ်များ လာရောက်ပေးပို့သူ သုံးဦးအား မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ချောထုပ်အမှတ် ARP – 27 , ARP 28 ချောထုပ်ပိုင်ရှင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နေ Kham Thiri Htun ဟု ဖော်ပြပါရှိသော ချောထုပ်ကို စာတိုက်တာဝန်ကျဝန်ထမ်းနှင့် ပြည်ပချောပို့တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးဝန်ထမ်းများက လုပ်ငန်းစဉ်အတိုင်း ဖွင့်ဖောက်စစ်ဆေးစဉ် မက်သာဖက်တမင်းဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲများ အထုပ်သေး ၇၀ (အလေးချိန် ၁ ဒသမ ၃၂ ကီလိုဂရမ်)ကို တွေ့ရှိခဲ့ကြောင်း။

အဆိုပါ ပစ္စည်းများ တွေ့ရှိမှုနှင့် ပတ်သက်၍ မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ခံက ကျောက်တံတား မြို့မရဲစခန်းနှင့် မူးယစ်တပ်စု (၄၂) မှ တာဝန်ရှိသူများထံ အကြောင်းကြားပြီး အဆိုပါ ချောထုပ်များကို လာရောက်ပေးပို့သူ ဒေါ်ဆုစန္ဒာထွန်း၊ ဒေါ်ခမ်းသီရိအောင်နှင့် ဒေါ်ရင်မြတို့ သုံးဦးအား မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

တွံတေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် ည ၁၁ နာရီခန့်က တွံတေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာနေ မသော်သော်(ခ)မသော်ခေအောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅၁ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ မေ ၇ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် ပန်လုံကျေးရွာနေ ဆန်လု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် ငွေကျပ် ၁၃၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ် ၆၅/၃ တွင် ကျော်သက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် လွယ်ခွန်တောင်ပတ်လမ်းတွင် ဟိန်းထက်ဦး မောင်းနှင်ပြီး သီဟဇော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ပြားဆေး ၂၂၇ ပြားနှင့် ငွေကျပ် ၁၁၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ပြိန်းနင်ရပ် နယ်မြေ(၁၂)ရှိ သီဟဇော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂၁ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်ကြီးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ရုံးအဆောက်အအုံနှင့် နေအိမ်များ အမိုးလန်ပျက်စီး

**ကျောက်ကြီး မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ ယနေ့ ညနေ ၄ နာရီခန့်က စတင်၍ လေပြင်းတိုက်ခက်မှုကြောင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် နေအိမ် ၄၇ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခက်မှုကြောင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဆောက်အအုံနောက်ခန်းနှင့် ကလေးစာဖတ်ခန်း အမိုးလန်ကာ မျက်နှာကြက်ပြိုကျ၍ သံဖရိန်ထုပ်တန်းများ ပျက်စီးပြီး သွပ်များလေထဲ လွင့်ပါခဲ့ကြောင်း၊ ပဲခူးရပ်ကွက်၊ သိန်းတန်းရပ်ကွက်နှင့် မအူပင်ဆိပ်ကျေးရွာအုပ်စုတို့၌ နေအိမ်များအမိုးလန်၍ ပျက်စီးခြင်း၊ သစ်ပင်ပိ၍ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုများ မရှိကြောင်းနှင့် သစ်ပင်များလဲကျမှုကြောင့် လမ်းပတ်ဆို့မှုမရှိစေရန် မြို့နယ်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



အမိုးလန်ပျက်စီးနေသည့် နေအိမ်တစ်လုံး။

## မောင်တောမြို့နယ်၌ စီးကရက် ၄၇ ဗူး၊ ဘီယာ ၁၄ ဗူးနှင့် ငါးဖမ်းပိုက် ၄၆၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇီးပင်ချောင်းကမ်းနံဘေး၌ ယနေ့ နံနက်က စီးကရက်၊ ဘီယာ၊ ငါးဖမ်းပိုက်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ညောဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်သားများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မောင်တောမြို့နယ် ဇီးပင်ချောင်းကမ်းနံဘေး၌ Marble တံဆိပ်ပါ စီးကရက် ၄၄ ဗူး၊ Mansan တံဆိပ်ပါ စီးကရက်သုံးဗူး၊ Diablo တံဆိပ်ပါ ဘီယာ ၁၄ ဗူး၊ ငါးဖမ်းပိုက်ဆိုက်စုံ ၄၆၀ (စုစုပေါင်းတန်ဖိုး ၁၆၁၅၄၀၀၀ )အား ပိုင်ရှင်(စိစစ်ဆဲ)သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ကြိမ်ချောင်း နယ်မြေရဲစခန်း ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမေရိကန်ရှိ ကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ကျောင်းသားတစ်ဦးသေဆုံး

**ဝါရှင်တန် မေ ၈**

အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်ရှိ ကျောင်းတစ်ကျောင်း၌ အင်္ဂါနေ့က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ဆယ်ကျော်သက်အရွယ် ကျောင်းသားတစ်ဦး သေဆုံးသွားပြီး ကျောင်းသားအများအပြား ဒဏ်ရာရရှိခဲ့သည်။

ကျောင်းသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရသူများအနက် ရှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကာ ခွဲစိတ်ကုသမှုများ ပြုလုပ်နေသည်။ ကျောင်းဝန်ထမ်းများနှင့် ဆရာများမှာ ထိခိုက်မှုမရှိခဲ့ကြောင်း ဖော်ပြထားပြီး ထိခိုက်ဒဏ်ရာရခဲ့သည့် အသက်အငယ်ဆုံးကျောင်းသားမှာ အသက် ၁၅ နှစ်အရွယ်ဖြစ်သည်။

သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူနှစ်ဦးဖြစ်သည့် အမျိုးသားတစ်ဦးနှင့် လူငယ်တစ်ဦးကို ဖမ်းဆီးအရေးယူထားသည်။ မည်သူ့ကိုပစ်မှတ်ထား၍ ပစ်ခတ်ခဲ့ခြင်းကို မသိရကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ကျောင်းထဲသို့ရောက်ရှိခဲ့သည့် အရာရှိများ၏ မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်မှုကြောင့် အခြားသူများ၏ အသက်ကိုကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။ အခင်းဖြစ်ပွားပြီးနောက်တွင် ကျောင်းကို နာရီအနည်းငယ်ကြာအောင် ပိတ်ထားခဲ့သည်။

**အေအက်ဖ်ပီ**



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ ရဲများရောက်ရှိလာစဉ်။

## ပါကစ္စတန်ရှိ ကျော်ကြားသည့် ဂူဗိမာန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ ဦးကျော်သေဆုံး

**လာဟိုး မေ ၈**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့အရှေ့ပိုင်းရှိ သက်တမ်းအကြာမြင့်ဆုံးနှင့် အကျော်ကြားဆုံးဖြစ်သည့် စူဖီဗိမာန်၌ မေ ၈ ရက်က အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးကျော် သေဆုံးခဲ့ပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုကို ပါကစ္စတန်ရှိ တာလီဘန်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ပါကစ္စတန်၌ ရမာဒန် ဥပုသ်လ ကျရောက်နေချိန်ဖြစ်သည်။ တောင်အာရှရှိ အကြီးဆုံးဗိမာန်ဖြစ်သည့် စူဖီဗိမာန်များအနက်တစ်ခုဖြစ်သည့် ၁၁ ရာစုနှစ်က Data Dabar ဗိမာန်သို့ အမျိုးသမီးခရီးသွားဧည့်သည်များ ဝင်ရောက်ရာ ဂိတ်တံခါးဝင်ပေါက်အနီးတွင် ဗုံးခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လာဟိုးမြို့ရှိ မေရိုဆေးရုံ၏ အရေးပေါ်ခန်းတွင် ထိခိုက်ဒဏ်ရာရသူများဖြင့် ပြည့်ကျပ်နေပြီး လူအများသည် ၎င်းတို့၏ မိသားစုဝင်များကို ရှာဖွေလျက်ရှိသည်ကို တွေ့ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောသည်။ တိုက်ခိုက်သူများသည် အစ္စလာမ်ဘာသာဝင်များမဟုတ်ကြကြောင်းနှင့် ဆုတောင်းဝတ်ပြုသူများကို ပစ်မှတ်ထားလျက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသည့် မိုဟာမက်ရှာဟစ်၏ မိခင်ဖြစ်သူ အဇရာဘီဘီက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ စူဖီဗိမာန်သည် လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကလည်း အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူ ၄၀ ကျော် သေဆုံးခဲ့သည်။

**အေအက်ဖ်ပီ**

## ထိုင်းရွေးကောက်ပွဲတွင် ပျူထိုင်းပါတီအနိုင်ရကြောင်း ရွေးကောက်ပွဲကော်မရှင်ထုတ်ပြန်

**ဗန်ကောက် မေ ၈**

မတ် ၂၄ ရက်က ကျင်းပခဲ့သော ထိုင်းနိုင်ငံရွေးကောက်ပွဲတွင် ပျူထိုင်းပါတီက မဲအများဆုံး ရရှိခဲ့သည်။ ပြည်ပရောက်နေသည့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တရာနှင့် ဆက်နွယ်သည့် ပျူထိုင်းပါတီကမဲဆန္ဒနယ် ၁၃၆ နေရာတွင် အများဆုံးအနိုင်ရရှိခဲ့ကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာလိုက်သည်။



ရွေးကောက်ပွဲနေ့က လူထုစုဝေးချီတက်မှုအတွင်း ပျူထိုင်းပါတီထောက်ခံသူများကို တွေ့ရစဉ်။

တပ်မတော်က ကျောထောက်နောက်ခံပြုထားသည့် ဖလန်ပါရာချာရတ်ပါတီသည် မဲဆန္ဒနယ် ၉၇ နေရာတွင် အနိုင်ရရှိခဲ့ပြီး ဒုတိယရရှိခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်သည် မဲရလဒ်စာရင်းထုတ်ပြန်ရန် အချိန်ဆွဲထားကြောင်းနှင့် ရှုပ်ထွေးနေသည့် ကနဦးမဲရလဒ်များကို ထုတ်ပြန်ခဲ့သည်ဟုဆိုကာ အပြင်းအထန်ဝေဖန်ခံနေရသည်။

ထိုင်းအောက်လွှတ်တော်တွင် အမတ်နေရာ ၅၀၀ ရှိပြီး ၃၅၀ ကို လူထုက တိုက်ရိုက်မဲပေး ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

ကျန်သည့်အမတ် ၁၅၀ ကို ကော်မရှင်က တွက်ချက်စစ်ဆေးပြီး တစ်နိုင်ငံလုံးမှ ပါတီတစ်ခုချင်းစီက အနိုင်ရရှိသည့်စုစုပေါင်း မဲအရေအတွက်အလိုက် အချိုးကျခွဲဝေသွားမည်ဖြစ်သည်။

မည်သို့ တွက်ချက်ခွဲဝေမည်ကို မသိသည့်အတွက် ပါတီများအနေဖြင့် အောက်လွှတ်တော်တွင် အမတ်နေရာမည်မျှအထိရရှိနိုင်မည်ကို အတိအကျမပြောနိုင်သေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နျူကလီးယားသဘောတူစာချုပ်နှင့် ပတ်သက်၍ အီရန်ရပ်တည်ချက်သဘောထား ပြောင်းလဲမည်

**တီဟီရန် မေ ၈**

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ဟန့်တားမည့် သဘောတူစာချုပ်မှ နုတ်ထွက်နေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အီရန်သမ္မတ ဟာဆန်ရိုဟာနီက အကယ်၍နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်မည့် သဘောတူစာချုပ်အသစ်တစ်ရပ်ကို ရက်ပေါင်း ၆၀ အတွင်း ချုပ်ဆိုနိုင်ခြင်းမရှိပါက ၎င်း၏နိုင်ငံသည် ယူရေနီယံသန့်စင်မှုလုပ်ငန်းကို စတင်လုပ်ဆောင်သွားတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



အီရန်သမ္မတ ဟာဆန်ရိုဟာနီ

ယနေ့အခါတွင် မိမိတို့သည် ခိုင်မြဲသောခြေလှမ်းတစ်ရပ်ကို စတင်တော့မည်ဖြစ်ပြီး ခြိမ်းခြောက်မှုကို ခြိမ်းခြောက်မှုဖြင့်၊ အရေးယူဆောင်ရွက်မှုကို အရေးယူဆောင်ရွက်မှုဖြင့်သာ တုံ့ပြန်သွားတော့မည်ဖြစ်သည်ဟု ရိုဟာနီကပြောကြားလိုက်သည်။ အီရန်သည် ဗြိတိန်၊ တရုတ်၊ပြင်သစ်၊ဂျာမနီ၊ ရုရှားနှင့် ဥရောပသမဂ္ဂများသို့ ၎င်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ပေးစာများပို့ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ၂၀၁၅ ခုနှစ်တွင် အီရန်နှင့်ချုပ်ဆိုခဲ့သည့် နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် တစ်နှစ်အကြာတွင် အီရန်ဘက်မှ ထိုသို့ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်သည် နျူကလီးယားစာချုပ်မှ နုတ်ထွက်ကြောင်း ကြေညာပြီးနောက် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်လာခဲ့သည်။

အမေရိကန်သည် လတ်တလောတွင် အီရန်ဘက်မှ ခြိမ်းခြောက်လာနိုင်သည့် ဒုံးကျည်ပစ်ခတ်မှုအန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်းပါဝင်သည့် တိုက်ခိုက်ရေးအုပ်စုကို အရှေ့အလယ်ပိုင်းဒေသ၌ ချထားလျက်ရှိသည်။ ဘီ ၅၂ ဗုံးကြဲလေယာဉ်များကိုလည်း စေလွှတ်ခဲ့သည်။

အီရန်နိုင်ငံက ပါရှန်းပင်လယ်ကွေ့၌ တာတိုပစ်ဒုံးကျည်များကို ရွှေ့ပြောင်းခဲ့သည်ဟူသော သံသယများကြောင့် အမေရိကန်က ထိုသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်မီဒီယာအများအပြားက ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်

## ဗင်နီဇွဲလားနိုင်ငံအပေါ် ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း အမေရိကန် ဒုသမ္မတပြောကြား

**ဝါရှင်တန် မေ ၈**

ဗင်နီဇွဲလားနိုင်ငံအပေါ် ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ပြောသည်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံ၏ ပြည်နယ် ၂၅ ခုမှ အထူးတရားရုံးများအတွက် ဒဏ်ခတ်ရန်နှင့် သမ္မတမာဒူရိုကို ဖြုတ်ချနိုင်ရေးအတွက် နည်းလမ်းအားလုံးကို ရွေးချယ်စရာအဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဗင်နီဇွဲလားပြည်သူများ လွတ်လပ်ရေးပြန်လည်ရရှိသည်အထိ အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလားပြည်သူများနှင့် တစ်သားတည်းရပ်တည်သွားမည်ဖြစ်ကြောင်းလည်း ဒုတိယသမ္မတမိုက်ပန့်စ်က ကတိပေးခဲ့သည်။

ယမန်နေ့ကအမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာနတွင်ကျင်းပခဲ့သည့် အမေရိကတိုက်နိုင်ငံများ နှစ်ပတ်လည်ညီလာခံတွင် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ပင်တဂွန်စစ်ဌာနချုပ်သည် ဇွန်လတွင် စစ်ဆေးရုံသင်္ဘောကြီးဖြစ်သည့် USNS Comfort ကို ဗင်နီဇွဲလားဒေသသို့ ငါးလကြာစေလွှတ်သွားမည်ဖြစ်ပြီး ဗင်နီဇွဲလားဒုက္ခသည်များနှင့် ပြည်သူများကို ဆေးဝါးကုသရေးဆိုင်ရာ အကူအညီပေးသွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၏ ထောက်လှမ်းရေးဌာနအကြီးအကဲ ဗိုလ်ချုပ်ကြီး မန်နျူရယ်ဖီဂူရာအပေါ် အရေးယူဒဏ်ခတ်ထားမှုကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန က ယမန်နေ့တွင် ပယ်ဖျက်ပေးလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### သဘာဝဘေးဆိုင်ရာ သတင်းမှားများဖြန့်ဝေသူများကို ပြစ်ဒဏ်ပေးမည်

**တိုင်ပေ မေ ၈**

တရုတ်(တိုင်ပေ)၌သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းမှားများပျံ့နှံ့မှုကို တရားဥပဒေအရ တင်းကျပ်စွာထိန်းချုပ်ဆောင်ရွက်သည့်အနေဖြင့် ထိုသို့သတင်းအမှားများ ဖြန့်ဝေသူများကို တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်နိုင်ဖွယ်ရှိသည့် တရားဥပဒေအရ ပြင်ဆင်ရေးဆွဲမှု ပြုလုပ်သွားမည်ဖြစ်သည်။

ပြင်ဆင်ထားသည့် သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မဟုတ်မမှန် လုပ်ကြံသတင်းများနှင့် အချက်အလက်များကို ဖြန့်ဝေသူများအား အကယ်၍ ထိုသို့ဖြန့်ဝေမှုကြောင့် ပြင်းထန်သည့်ထိခိုက်မှုဖြစ်စေခဲ့ပါက ထောင်ဒဏ် ၁၀ နှစ်နှင့်အထက် ချမှတ်သွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အကယ်၍ ကောလာဟလသတင်းများနှင့် မှားယွင်းသော အချက်အလက်များကြောင့် အသက်သေဆုံးသည်အထိ ဖြစ်စေခဲ့လျှင် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်နိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ဂျပန်၌ တရုတ်(တိုင်ပေ) သံအမတ်ကြီး စူချီချန် မိမိကိုယ်ကို အဆုံးစီရင်မှုဖြစ်ပွားခဲ့ချိန်မှစတင်ကာ သတင်းအတုအယောင်များသည် ကြီးမားသည့် လူမှုရေးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ ၎င်းမသေဆုံးမီတွင် တိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် ဂျပန်လေဆိပ်၌ သောင်တင်နေကြသည့် တရုတ်(တိုင်ပေ) ခရီးသွားများကို ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြင်းထန်သည့် ဝေဖန်မှုများ ပေါ်ပေါက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ဖန်နီမုန်တိုင်းဝင်ရောက်ပြီးနောက် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံး

**ဒါကာ မေ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဖန်နီ ဝင်ရောက်ခဲ့ပြီးနောက် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဒါကာငွေသန်း ၃၈၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း) ခန့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက သတင်းထုတ်ပြန်ခဲ့သည်။


လယ်မြေပေါင်း ၆၃၀၆၃ ဟက်တာခန့်ရှိသည့် ကောက်ပဲသီးနှံများပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး အဗ္ဗဒါရာဇက်က ပြောကြားခဲ့သည်။ အင်အားအလွန်ပြင်းသည့် ဆိုင်ကလုန်းမုန်တိုင်းဖန်နီသည် မေ ၄ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ စပါး၊ ပြောင်းနှင့် ကောက်ပဲသီးနှံများပျက်စီးခဲ့ပြီး ခရိုင် ၃၅ ခုရှိ လယ်သမား ၁၃၆၃၀ ဦးတို့ကို ထိခိုက်နစ်နာမှုများ ရှိစေခဲ့ကြောင်း ရာဇက်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း ဖန်နီဝင်ရောက်ပြီးနောက် နိုင်ငံအတွင်း ခြောက်ဦးသေဆုံးခဲ့ပြီး နေအိမ်များထိခိုက်ပျက်စီးကာ သယ်ယူပို့ဆောင်ရေး နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့သည်။ **ဆင်ဟွာ**

# ပြောင်းလဲဆန်းသစ်လာတဲ့ မျက်မှောက် အာရှပညာရေး

*ထွန်းသစ်စ*

**အာရှ အဆင့်မြင့်ပညာရေးအခင်းအကျင်းမှာ အဓိကပြောင်းလဲမှုတွေဖြစ်နေတဲ့အချိန် တက္ကသိုလ်တွေအနေနဲ့လည်း ကျွဲကူးရေပါဆိုသလို သူတို့ရဲ့ပညာရေးစနစ်တွေကို ဖြစ်ပေါ်တိုးတက်လာတဲ့ အခွင့်အလမ်းသစ်တွေနဲ့ ဆီလျော်အောင် တီထွင်ကြံဆ လုပ်ကိုင်ခဲ့ပါတယ်။**



စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသားများကို တွေ့ရစဉ်။

**အာရှပညာရေး ပြောင်းလဲမှုတွေဖြစ်ခဲ့**

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများက အာရှပညာရေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ အရွေ့တွေဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အဓိကပြောင်းလဲမှုတွေကတော့ အာရှမှာရှိတဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပုံစံအသစ်ပြန်လည်စတင်ပုံဖော်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုပုံစံအသစ်ပြန်ဖော်တဲ့အခါမှာ ကျောင်းသားအလုံးအရင်းဟာ အဲဒီတက္ကသိုလ်ပညာရေးကို စိတ်ဝင်စားလာကြတာပဲဖြစ်ပါတယ်။

အဲဒီပညာရေးဟာ ဘာကိုအဓိက အာရုံစိုက်လဲ၊ ရည်မှန်းချက်ထားလဲဆိုတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံကို အဓိကအာရုံစိုက်တာဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ သုတေသနပုံစံတွေ၊ တီထွင်ဆန်းသစ်မှုပုံစံတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ပုံစံတွေကိုပါ ပြောင်းလဲကျင့်သုံးခဲ့ပါသေးတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့လို နိုင်ငံတွေဟာ အဆင့်မြင့်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းတွေကို ကျမသွားစေဘဲ နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်လွန်သမိုင်းဟာ အခုအခါမှာတော့ မျှော်လင့်မထားနိုင်လောက်အောင် ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ အလွန်လျင်မြန်စွာ မျှော်လင့်မထားနိုင်လောက်အောင် ဖွံ့ဖြိုးလာသလို အိန္ဒိယနိုင်ငံမှာလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။ ထို့အတူ စင်ကာပူနိုင်ငံရဲ့ကျောင်းတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ကျောင်းတွေဟာလည်း လွန်ခဲ့တဲ့ ကာလတွေနဲ့ မတူဘဲ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာပြီး ပညာရေးဆိုင်ရာ တိုးတက်မှု အရွေ့တွေဖြစ်လာခဲ့ပါတယ်။

**ဖွံ့ဖြိုးမှုနှုန်းနဲ့ စိန်ခေါ်မှု**

ဖွံ့ဖြိုးမှုနှုန်းကတော့ အသိအမှတ်ပြုရလောက်အောင်ပါပဲ။ တရုတ်နိုင်ငံမှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော်ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော်ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင်တိုးတက်မှုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံဟာ ကျောင်းသားတွေကို အသိဉာဏ်ဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို နောက်ထပ် အသက်မွေးမှုပညာတွေကိုလည်း ရွေးချယ်နိုင်မှာပဲဖြစ်ပါတယ်။

ထို့အတူ မြန်မာနိုင်ငံမှာလည်း ပညာရေးဆိုင်ရာ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတာကိုလည်း မြင်တွေ့နေရပါတယ်။ အသစ်ပြဌာန်းလိုက်တဲ့ ပညာရေးပုံစံပြောင်းလဲမှုတွေဟာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ ညီလာပြီး အလွတ်ကျက်ဖြေအဆင့်မှသည် တွေးခေါ်မြော်မြင်စဉ်းစားနိုင်တဲ့ ပုံစံမျိုး၊ တီထွင်ဆန်းသစ်ဖန်တီးနိုင်မှု ပုံစံမျိုး အတွေးအခေါ်တွေ၊ အယူအဆတွေ လမ်းဖွင့်ပေးတဲ့ ပုံစံမျိုးထိတောင် ဖြစ်ပေါ်လာတာဟာ ယနေ့ပညာရေးခေတ်ရဲ့ တိုးတက်မှုတွေပဲဖြစ်ပါတယ်။

သို့သော်လည်း သိသာတဲ့ စိန်ခေါ်မှုတွေကတော့ရှိနေဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ အသက် ၂၅နှစ်မှ ၂၉ နှစ်ကြား ဘွဲ့ရအလုပ်လက်မဲ့နှုန်းဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းအထိရှိခဲ့ပါတယ်။ ကမ္ဘာ့အဆင့်နဲ့တော့ များလှတယ်တော့ မဟုတ်ပေမယ့် အရှေ့အာရှမှာတော့ နည်းနည်းတော့များတယ်လို့ ဆိုရမလိုပါပဲ။

**လိုအပ်ချက်ကွာဟမှု**

နောက်တစ်ခုကတော့ အလုပ်ရှင်နဲ့ ဘွဲ့ရတွေကြား လိုအပ်ချက် ကွာဟမှုတွေပဲဖြစ်ပါတယ်။ တက္ကသိုလ်ပြီးသွားတဲ့ ဘွဲ့ရတစ်ယောက်ရဲ့ အရည်အချင်းနဲ့ကျွမ်းကျင်မှုတွေဟာ စက်ရုံတွေ၊ အလုပ်ရှင်တွေလိုအပ်တဲ့ အရည်အချင်းတွေနဲ့ အံချော်နေတုန်းပဲဖြစ်ပါတယ်။ ထို့အတူ သင်ကြားတာနဲ့ သင်ယူတာရဲ့ အရည်အသွေးတွေကိုလည်း ဆန်းစစ်မေးခွန်းထုတ်ဖို့အချိန်ဟာလည်း ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလိုမေးခွန်းထုတ်တာတွေဟာ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့ပါတယ်။

တရုတ်နိုင်ငံမှာ အဆင့်မြင့်ပညာရေး လျင်လျင်မြန်မြန်ဖွံ့ဖြိုးလာတာဟာ လိုအပ်ချက်နဲ့ ရရှိမှုတွေကြား ကွာဟမှုတွေကို ဖြစ်လာစေပြီး ဘွဲ့ရတွေများတဲ့မြို့ကြီးတွေမှာ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်မှုတွေရှိလာခဲ့ပါတယ်။

လတ်တလောမှာ တရုတ်အစိုးရဟာ ကောလိပ်အမြောက်အမြားကို အိမ်တွင်းသက်မွေးမှုပညာသင်ကျောင်းတွေအဖြစ် ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါပြီ။ ဒါဟာ ဘာကို ရည်ရွယ်ပြီး လုပ်ဆောင်သလဲဆိုရင် တကယ့်ဈေးကွက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီအောင် ဦးတည်ချက်ထားလုပ်ဆောင်သလို အလုပ်လက်မဲ့နှုန်းတွေ မမြင့်တက်စေဖို့ လုပ်ဆောင်တာပဲဖြစ်ပါတယ်။ သို့သော်လည်း အဲဒီလိုလုပ်ခြင်းဖြင့် အလုပ်ရှိ ဘွဲ့ရတွေရဲ့ လစာဟာ လျော့နည်းသွားနိုင်ခြေရှိပါတယ်။

စင်ကာပူကဲ့သို့သော နိုင်ငံငယ်လေးတစ်ခုမှာ တကယ့်အရေးကြီးတဲ့ မေးခွန်းကဘာလဲဆိုတော့ ဘွဲ့ရတွေကို လိုအပ်တဲ့ အရည်အသွေးတွေ ပြည့်နေအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

**ပြောင်းလဲမှုပုံစံတွေဖြစ်လာ**

အဓိကပြောင်းလဲမှု နောက်တစ်ခုကတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံအပေါ် စိတ်ဝင်စားမှုတွေမြင့်တက်လာတာနဲ့အတူ အရည်အသွေးမီတဲ့ အရည်အချင်းရှိတဲ့ သင်ကြားတာတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲဖြစ်ပါတယ်။ ဒါဟာ အရင်တုန်းက တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလေ့လာသင်ယူတဲ့ ပညာရေးပုံစံကနေပြီး အကြောင်းအရာမျိုးစုံကို လေ့လာတဲ့ ပြောင်းလဲလာမှုတွေအဖြစ် ပေါ်ပေါက်လာခဲ့တာပဲဖြစ်ပါတယ်။

**အပြန်အလှန်တုံ့ပြန်မှုစနစ်သို့ ပြောင်းလာ**

သင်ခန်းစာတွေအပေါ် အလွတ်ကျက်ခြင်းကို အခြေခံတဲ့ ရိုးရာသင်ကြားခြင်းနည်းလမ်းတွေကနေ ပိုပြီးအပြန်အလှန်တုံ့ပြန်အကျိုးပြုမှုစနစ်တွေနဲ့ သင်ကြားတဲ့ ပုံစံတွေကို တိုးတက်ပြောင်းလဲလာပြီဖြစ်သလို တကယ့်ပညာရေးနယ်ပယ်မှာ ထွက်ပေါ်လာမယ့် ရလဒ်တွေကလည်း တကယ့်တီထွင်ဖန်တီးနိုင်မှုတွေ၊ နှိုင်းနှိုင်းချိန်ချိန် ကျိုးကြောင်းမျှတစွာ တွေးခေါ်ဆင်ခြင် စဉ်းစားနိုင်စွမ်းတွေ ပေါ်ထွက်လာရေးပဲဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်း ကောင်းကောင်းနားလည်နိုင်စွမ်းရှိတဲ့ တကယ့်အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အဓိကရည်မှန်းချက်ဖြစ်သလို အရေးလည်းကြီးလှပါတယ်။

ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ အခင်းအကျင်းတွေ ပြောင်းလဲဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် စက်ရုံ၊ အလုပ်ရုံတွေကလည်း ပွင့်လင်းတဲ့ တီထွင်ဆန်းသစ် နည်းပညာတွေနဲ့ နည်းဗျူဟာတွေအပေါ် ချဉ်းကပ်ဖို့ လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။

အခုလိုနည်းပညာခေတ်ကြီးမှာ နည်းပညာတွေဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးပြီး တစ်ဦးတစ်ယောက်ချင်းစီကို တခြားအရာတွေ အများကြီးလုပ်ဆောင်နိုင်အောင် ကူညီပေးပါတယ်။ ခေတ်သစ်စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပုံစံတွေဟာ အသစ်အသစ်သော ပြောင်းလဲလာမှုအကြောင်းတရားတွေအပေါ် တည်မှီနေပါတယ်။ မည်သို့ပင်ဆိုစေ လျင်မြန်စွာ ဖွံ့ဖြိုးလာတဲ့ အာရှဟာ တက္ကသိုလ်တွေအတွက် ပညာရေးတွေတိုးတက်အောင်၊ သုတေသနတွေတိုးတက်အောင်၊ စွန့်ဦးတီထွင်အစီအစဉ်တွေ တိုးတက်အောင် စတဲ့ ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပေးနေတဲ့ အနေအထားတွေကို တဖြည်းဖြည်းပြောင်းလဲလာနေပြီဆိုတာ ငြင်းမရပါဘူး။ ။

**ကိုးကား - ချန်နယ်နယူးအေးရှ**

> “အသစ်ပြဌာန်းလိုက်တဲ့ ပညာရေးပုံစံပြောင်းလဲမှုတွေဟာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ ညီလာပြီး အလွတ်ကျက်ဖြေအဆင့်မှသည် တွေးခေါ်မြော်မြင်စဉ်းစား နိုင်တဲ့ ပုံစံမျိုး၊ တီထွင်ဆန်းသစ်ဖန်တီးနိုင်မှုပုံစံမျိုး အတွေးအခေါ်တွေ၊ အယူအဆတွေ လမ်းဖွင့်ပေးတဲ့ ပုံစံမျိုးထိတောင် ဖြစ်ပေါ်လာတာဟာ ယနေ့ပညာရေးခေတ်ရဲ့ တိုးတက်မှုတွေပဲဖြစ်”

# ဓားကောင်းတစ်လက်မွေးဖွားရာ ပန်းပဲပညာ

သူရ (တောင်ငူ)

**မြန်မာနိုင်ငံတွင် ရှေးအခါကပင် သံခေတ်ကိုဖြတ်သန်းခဲ့ပြီး သံချက်ဖိုများဖြင့် သံသတ္တုကိုထုတ်လုပ်ကာ ပန်းပဲပညာဖြင့် လက်နက်ကိရိယာပစ္စည်းများ ထုတ်လုပ်ခဲ့ကြသည်။ နိုင်ငံကာကွယ်ရေးအတွက်လည်း ပန်းပဲပညာဖြင့် ဓား၊ လှံလက်နက်များကို ထုတ်လုပ်အသုံးပြုခဲ့ကြသည်။ မြန်မာ့ရိုးရာလက်မှုပညာ ပန်း ၁၀ မျိုးထဲမှ ပန်းပဲပညာအစွမ်းဖြင့် လိုရာသုံးဓားကောင်းတစ်လက် ထွက်ရှိလာပုံကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပန်းပဲရွာရှိ ပန်းပဲပညာရှင် ဦးအောင်စီ၏ သားတပည့် ပန်းပဲပညာရှင် ဦးထွန်းမြိုင် (စီ-ဓားပန်းပဲဖို) သို့ သွားရောက်မှတ်တမ်းပြုခဲ့ပါသည်။**



ဖိုထဲတွင် မီးဖုတ်ပြီး ဓားပုံကြမ်းထွက်အောင် ဖိုမင်ဆရာက ပေပေါ်ရှိဓားကို အလယ်ကကိုင်ပေးပြီး ဘယ် ညာ လူနှစ်ဦးနှင့် ပုံကြမ်းထွက်အောင် ထုနေစဉ်။

ဓားကောင်းတစ်လက်ဖြစ်ရန်အတွက် မော်တော်ကား အောက်ပိုင်းရှိ လေးသံကို ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ ပန်းပဲပညာရှင်က ဓားပြုလုပ်မည့်အရွယ်အစားကို အမှတ်အသားပြုလုပ်၍ ဖိုအတွင်းသို့ မီးအပူပေးကာ ဓားပုံကြမ်းထွက်အောင် ဖိုမင်ဆရာက ပေပေါ်ရှိ ဓားကို အလယ်က ကိုင်ပေးပြီး ဘယ် ညာ လူနှစ်ဦးနှင့် ဓားပုံကြမ်းဖြစ်အောင် ဦးစွာထုလုပ်ရပါသည်။

ထို့နောက် ဖိုမင်ဆရာက လိုချင်သည့် ဓားပုံအနေအထား အကွေးအကောက် အဖြောင့်ကို လိုသလိုပြုပြင်ကာ အချော ပြုလုပ်ရသည်။ ထိုမှတစ်ဆင့် ဂိုက်ဆွဲဆရာထံသို့ ဓားပုံကြမ်းကို သံချေးခွာရပြီး ဓားအသွား ညီညာဖြောင့်တန်းအောင် တံစဉ်းဖြင့် ပွတ်တိုက်ညှိယူရသည်။

ပန်းပဲပညာရှင်က ဓားအရည်အသွေးကို စစ်ဆေးပြီး တံစဉ်းဖြင့် ပွတ်တိုက်ညှိယူထားသည့်နေရာကို မြေဆီနှင့် ပွတ်ကာ အမာကြောတင်ပေးပြီး ရေနှင့် ဆေးခြင်းကို ပြုလုပ်ရသည်။ ထိုအချိန်တွင် အပူနှင့် အအေးတွေ့သည့်အတွက် ရုန်းကန်သည့် ဓာတ်ရှိသောကြောင့် အနည်းအကျဉ်း ကောက်တတ်၍ ပန်းပဲ ဆရာက လိုသလိုပြန်ဖြောင့်ယူမှသာ ဓားသွေးသူက အဆင်ပြေချောမွေ့စွာ သွေးပြီး ဓားကောင်းတစ်လက် ရရှိမည်ဖြစ်သည်။

ဓားမျိုးစုံကို ယခုပုံစံနည်းတူ ပြုလုပ်ကြရပြီး ဓားအမျိုးမျိုးတွင် ကိုင်းခုတ်ဓား၊ တောင်ယာခုတ်ဓား၊ ငှက်ကြီးတောင်၊ ငါးဖယ်ခုံးဓားမြှောင်၊ ကတ်ကြေးတို့ကို ပြုလုပ်လျက်ရှိသည်။

ယခင် ပန်းပဲပြုလုပ်ရာတွင် လူလေးဦးစုံမှ ပြုလုပ်၍ရကာ တိုးတက်လာသည့်ခေတ်တွင် လက်လုပ်ဖိုအစား လျှပ်စစ်မော်တာလေမှုတ်စက်များကို အသုံးပြုလာကြပြီး ဂိုက်ကို အသုံးမပြုတော့ဘဲ ကျောက်သွေးစက်ဖြင့် အကြမ်းသွေးယူကြသည်။ အဆင့်ဆင့်ပြုလုပ်ပြီး သွေးယူရန်နှင့် ဓားရိုးတပ်ရန်သာ ကျန်ရှိသည့်ဓားများကို ဈေးကွက်အတွင်း တင်ပို့ရောင်းချကြပြီး ဓားရိုးများကိုလည်း မိမိတို့စိတ်ကြိုက် ဓားရိုးများဖြင့် တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။



ဖိုမင်ဆရာက လိုချင်သည့်ဓားပုံ အကွေးအကောက်အဖြောင့်ကို ပြန်ပြင်ကာ အချောပြုလုပ်နေစဉ်။



ဂိုက်ဆွဲဆရာက ဓားပုံကြမ်းကို သံချေးခွာနေစဉ်။



ဓားအသွား ညီညာဖြောင့်တန်းအောင် တံစဉ်းဖြင့် ပွတ်တိုက် ညှိယူနေစဉ်။



တံစဉ်းဖြင့် ပွတ်တိုက်ညှိယူထားသည့်နေရာကို မြေဆီနှင့်ပွတ်ကာ အမာကြောတင်နေစဉ်။



အချောထည်အဖြစ် ထွက်လာသည့်ဓားများ။



ပြုလုပ်ပြီးဓားများကို ပန်းပဲပညာရှင် ဦးထွန်းမြိုင်က ကြည့်ရှုစစ်ဆေးနေစဉ်။

# ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မေ ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ် စာရင်းစစ်ချုပ် ဒေါ်ယဉ်လှက အမှာစကားပြောကြားပြီး ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ၏ ၁/၂၀၁၉ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် စစ်ဆေးရေးလုပ်ငန်းနှင့် စီမံရေးရာကိစ္စများအတွက် မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး စစ်တွေခရိုင် စာရင်းစစ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတွင် ပြုလုပ်ခဲ့သော Environmental Audit Workshop မှ အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားသည်။




ထို့နောက် တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ စာရင်းစစ်မှူးများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ တင်ပြဆွေးနွေး မေးမြန်းချက်များအပေါ် ပြည်နယ်စာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ကာ သောက်သုံးရေ အဆင်ပြေရန်ကြိုးပမ်း

**ပူတာအို မေ ၈**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ ရရှိစေရေးအတွက် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကြာမီသောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်သည်။



သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

"ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာအတွင်းမှာ အခုလို သဘာဝက ထွက်ရှိတဲ့ စိမ့်စမ်းရေကို သွယ်တန်းပြီး ဒေသခံတွေအတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုရန်ပုံငွေကနေ ကျခံသုံးစွဲထားပြီး မကြာမီ ပြီးစီးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု မေ ၇ ရက်က လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်က ပြောသည်။

အဆိုပါ မန်စေခွန်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းအတွက် အရှည်လေးမိုင်ကို ပြည်ထောင်စု ရန်ပုံငွေကျပ်သန်းပေါင်း ၃၀ ဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စိမ့်စမ်းရေသွယ်တန်းကာ သောက်သုံးမှု အဆင်ပြေစေရေးအတွက် လက်ရှိတွင် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းတူးဖော်နေခြင်း၊ ရေတားတမံတည်ဆောက်ထားခြင်း၊ ရေစုကန် တည်ဆောက်ထားခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

**ဖုန်ကန် (ပူတာအို)**

# ရွှေဘိုမြို့လယ်၌ လမ်းမီးများတပ်ဆင်

**ရွှေဘို မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဧပြီ ၂၆ ရက်မှ စတင်၍ လမ်းလယ်မီးတိုင် Double Arm LED လုပ်ငန်းကို စတင်ဆောင်ရွက်လုပ်ကိုင်ခဲ့ပြီး အောင်ဇေယျလမ်းမကြီး ကောလိပ်ကျောင်းဟောင်းကွေ့မှ လမ်းလေးခွမီးပွိုင့်အထိ မီးတိုင် ၃၈ တိုင်၊ တစ်ဖန် လမ်းလေးခွမီးပွိုင့်မှ ရန်ကြီးအောင်လမ်းမကြီး သံလမ်းဆုံမရောက်ခင်အထိ မီးတိုင် ၂၁ တိုင်တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးငွေကျပ်သိန်း ၇၀၀ နှင့် ပြည်သူမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၀၉၆၀၀၀၀ နှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းမီးတိုင်၏ အမြင့်မှာ ၉ မီတာရှိပြီး မီးလုံးတပ်ဆင်မည့် ဘယ်ညာလက်တံ အရှည်မှာ ၅ ပေရှိကာ LED 115 Watt မီးလုံးများဖြစ်ကြောင်း သိရသည်။ လမ်းမီးတိုင်တစ်တိုင်၏ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၈ သိန်း ၅ သောင်းဖြစ်ပြီး ယနေ့အထိ ပြီးစီးလမ်းမီးတိုင် ၃၈ တိုင်၊ ဆောင်ရွက်ရန် ကျန်ရှိမီးတိုင် ၂၁ တိုင်ဖြစ်ကာ ဒုတိယအဆင့်အဖြစ် ရွှေဘိုမြို့အဝင်မုခ်ဦးမှ အောင်မြေကျောင်းအဝင်ဝအထိ ၃၁ တိုင်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# လက်ပံတန်းမြို့နယ်၌ လေပြင်းတိုက်၍ ပျက်စီးမှုအတွက် ထောက်ပံ့

**လက်ပံတန်း မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် မေ ၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၆ လုံး အမိုးလန်ပျက်စီးကာ နေအိမ်တစ်လုံးမှာလည်း ပြိုလဲပျက်စီးခဲ့ရာ အဆိုပါ နေအိမ်များမှ ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများကို မေ ၇ ရက်က ပေးအပ်ခဲ့သည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် အမိုးလန်ပျက်စီးသည့် အိမ် ၃၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၁၃၅၀၀၀ နှင့် ပြိုလဲနေအိမ်မှ လူဦးရေလေးဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက လေဘေးသင့်အိမ်ထောင်စုများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း ထံသို့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**




**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး။**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၀/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ · ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၉ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၁ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၀ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၅ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၀ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ · ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၀၂၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လျှပ်တစ်ပြက်ရန်သူ သတိမူ (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်



၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖွန်ရှူးကျွန်း၌ လှုပ်ခတ်ခဲ့သော ငလျင်ကြီးအပြီး အပျက်အစီးများ (ဓာတ်ပုံ - ဝီကီပီးဒီးယား)

*(ယခင်တစ်ပတ်မှအဆက်)*

**ငလျင်နှင့် တိရစ္ဆာန်များ၏အာရုံခံခြင်း**

ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိနိုင် မခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန် မျိုးစိတ်အချို့အနေဖြင့် အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသော ဖားများ လမ်းပေါ်သို့ တက်ရောက်လာခဲ့ကြသလို တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌လည်း ငလျင်မလှုပ်မီ ရာပေါင်းများစွာသော မြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာ လှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်အချို့အနေဖြင့် အာရုံခံ သိရှိနိုင်ကြသည်ဟု သုတေသီအချို့က ယုံကြည်ခဲ့ကြသည်။ ငလျင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများ ဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများ အုပ်စုလိုက် အူခြင်း၊ ငှက်များ အသိုက်ပြောင်းရွှေ့ခြင်း၊ စင်ရော်များ ရေပြင်ပေါ်၌ ပျံသန်းနေရာမှ ကုန်းပေါ်သို့ အုပ်စုလိုက် ဦးတည်ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မည်ပြေးလွှားခြင်းစသော ထူးခြားသည့် အပြုအမူများသည် အချို့သော ငလျင်များနှင့် တိုက်ဆိုင်ခဲ့သည်ကို သုတေသီအချို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်အချို့၏ ထူးခြားသော အပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ်များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကိုမူ လုပ်ဆောင်နိုင်ခြင်း မရှိကြသေးပေ။

အဘယ်ကြောင့်ဆိုသော် သုတေသနပြု စမ်းသပ်ချက်အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင် မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှု မရှိကြသောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့်စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက် အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

ငလျင်လှုပ်မည့်အရေးကို တိကျစွာ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သေးသည့်အတွက် ငလျင်ကြောပေါ်၌ ကျရောက်နေသည့် မြို့ရွာများနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။

**ပေါ့ပေါ့ဆဆ မနေသင့်**

ငလျင်ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီး ပူပင်သောကပွားနေကြရန် မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော ငလျင်ဘေးကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆလည်း မနေသင့်ကြပေ။ အထူးသဖြင့် ငလျင်လှုပ်ခဲ့ဖူးသော မြို့ရွာဒေသများ၊ ငလျင်လှုပ်ခဲ့ဖူးခြင်း မရှိသည့်တိုင် ငလျင်ကြောအတွင်း ကျရောက်နေသည့် မြို့ရွာဒေသများသည် ငလျင်အန္တရာယ်ကို ကြုံတွေ့ကြရနိုင်သော နေရာများဖြစ်သည်။

ခိုင်လုံသောအထောက်အထားများအရ မြန်မာနိုင်ငံ၏ သမိုင်းတွင် အများဆုံး ကြုံတွေ့ခဲ့ကြရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကို သိရှိထားကြရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လှုပ်ခတ်ခဲ့ဖူးသော မြေငလျင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့အား မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေး ထောက်ပြလျက်ရှိနေကြသည်။

**မြန်မာ့သမိုင်းမှ ငလျင်ကြီးများ**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြား ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည့် ငလျင်အချို့ကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။

၁၇၆၂ ခုနှစ် ဧပြီလ ၂ ရက်က ရခိုင်ပြည်နယ်၌ လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည် ရခိုင်ကမ်းခြေ ကုန်းမြေအစိတ်အပိုင်းအချို့ကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားစေခဲ့သည်။

၁၈၃၉ ခုနှစ် မတ်လ ၂၃ ရက်က အင်းဝ၌ လှုပ်ခတ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိ ငလျင်ကြီးသည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရ တစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့သည်။

၁၈၅၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်က ပြည်မြို့၌ လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၈ ရှိသည့် ငလျင်ကြီးသည် အဆောက်အအုံများစွာကို ဖျက်ဆီးခဲ့ပြီး စေတီတော်အချို့ကို မြေခစေခဲ့သည်။ ဧရာဝတီမြစ်ရေကို တစ်ခဏမျှ ပြောင်းပြန် စီးဆင်းစေခဲ့ပြီး မြစ်အောက်ကြမ်းပြင်ကိုလည်း အပေါ်သို့ ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်က ပဲခူးမြို့၌ လှုပ်ခတ်ခဲ့သော မာကယ်လီစကေး အဆင့် ၁၀ ရှိသည့် ငလျင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစ်စပြင်ကဲ့သို့ ဖြစ်သွားစေခဲ့သည်။ အဆောက်အအုံ အားလုံးနီးပါးကို ပြိုကျစေခဲ့ပြီး လူပေါင်း ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမော်ဓောစေတီတော်ကို ပြိုကျစေခဲ့ပြီး စိန်ဖူးတော်ကို မြေခစေခဲ့သည်။

၁၉၃၂ ခုနှစ် မေလ ၂၃ ရက်က ပြင်ဦးလွင်၌ လှုပ်ခဲ့သော ငလျင်ကြီးသည် ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်ကြားရှိ တောင်အများအပြားကို ပြိုကျသွားစေခဲ့သည်။ ထို အင်အားပြင်းငလျင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေးစသောမြို့များကိုပါ တုန်ခါသွားစေခဲ့သလို ထိုင်းနိုင်ငံမြောက်ပိုင်းအထိပင် တုန်ခါမှုများကို သက်ရောက်သွားစေခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၂၃ ရက်က ပူတာအိုဝ်၌ လှုပ်ခဲ့သော ငလျင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသွားစေခဲ့သည်။

၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်က စစ်ကိုင်း၌ လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည် မန္တလေးမြို့ပေါ်ရှိ အဆောက်အအုံဟောင်းများကို ပြိုကျစေခဲ့ပြီး လူ ၅၀ နီးပါးကို အသက်ဆုံးရှုံးစေခဲ့သည်။ အဆိုပါ အင်အားပြင်းငလျင်ကြီးသည် စစ်ကိုင်းတံတားကြီးကိုပါ နေရာ အနည်းငယ်ရွှေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်က ရန်ကုန်မြို့၌ လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၇ ခန့်ရှိ ငလျင်သည် တိုက်တာအဆောက်အအုံ ၆၀ ကျော်ကို ကွဲအက်သွားစေပြီး လူလေးဦးကို ဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံး စေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏ စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ထူးခြားသည့်အချက်မှာ ထိုငလျင်မတိုင်မီ အကြိုငလျင်ငယ်များနှင့် နောက်ဆက်တွဲ ငလျင်ငယ်များ အကြိမ်ရေများစွာ လှုပ်ခဲ့ခြင်းပင်ဖြစ်သည်။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်က ပုဂံညောင်ဦးဒေသ၌ လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် ငလျင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင် စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော် လူသိများသော ငလျင်တစ်ခု ဖြစ်ခဲ့သည်။ အဆိုပါငလျင်သည် ဧရာဝတီမြစ်ရေ စီးဆင်းနေမှုကို ခေတ္တ တုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူး ရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့် မြင့်တက်သွားစေခဲ့သည်။

**ငလျင်ဇုန်ရပ်ဝန်းများ**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာ လှုပ်ခတ်ခဲ့သော ငလျင်များကြောင့် ငလျင်ဇုန်ရပ်ဝန်းများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ ငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး ငလျင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏အတွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသအများအပြား ပါဝင်လျက် ရှိနေကြသည်။

ငလျင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခု ဖြစ်သည့်အတွက် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင် စီမံ ဆောင်ရွက်ကြရမည်ဖြစ်သည်။

စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အအုံများနှင့် တံတားများ၊ ဓာတ်ပြု ပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်း သိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ၊ စနစ်တကျ ဆောက်လုပ်တပ်ဆင်ထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် ဓာတ်အားခွဲရုံများ စသည်တို့သည် ငလျင်ဘေးနှင့် ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို ကြီးမားစွာ ဖြစ်ပေါ်စေနိုင်သောအရာများ ဖြစ်ကြသည်။

**ထိခိုက်မှုကိုလျှော့ချနိုင်မည့် နည်းလမ်းများ**

သို့ဖြစ်၍ အင်အားပြင်းငလျင်များ၏ဒဏ်ကို ကောင်းစွာ ခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ် နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များကို လူနေအိမ်များနှင့် အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်း သိုလှောင်ရုံများကို လူနေရပ်ကွက်နှင့် ဝေးရာ၌သာ ထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ် ဓာတ်တိုင်များနှင့် ထရန်စဖော်မာများ စသည်တို့ကို ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျ တွက်ချက်တည်ဆောက် တပ်ဆင်ထားခြင်း၊ ငလျင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ကြိုတင် နှိုးဆော် သတိပေးထားခြင်း၊ ငလျင်၏ သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေး ပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့် သင်တန်းပေးထားခြင်း စသည်တို့သည် ငလျင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာ လျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။ ။

**“၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်က ပုဂံညောင်ဦးဒေသ၌ လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် ငလျင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော် လူသိများသော ငလျင်တစ်ခု ဖြစ်ခဲ့သည်။ အဆိုပါငလျင်သည် ဧရာဝတီမြစ်ရေ စီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူးရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့် မြင့်တက်သွားစေခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာ လှုပ်ခတ်ခဲ့သော ငလျင်များကြောင့် ငလျင်ဇုန်ရပ်ဝန်းများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ ငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး ငလျင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏အတွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်”**

# ကျောက်ပန်းတောင်းမြို့နယ်မှ မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်နှင့် ချိုင်းထောက်များ လှူဒါန်း

**ကျောက်ပန်းတောင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင် (ဝှီးချဲ) များနှင့် ချိုင်းထောက်များကို ကျောက်ပန်းတောင်းမြို့ရှိ ဆည်းဆာသုခ ဘိုးဘွားရိပ်သာအဖွဲ့၏ စီစဉ်မှုဖြင့် မသန်စွမ်းသူများထံသို့ မေ ၇ ရက်က ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

အောင်မင်္ဂလာရပ်ကွက်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ဝှီးချဲနှင့် ချိုင်းထောက်များ ဖြန့်ဝေလှူဒါန်းပွဲတွင် Burma Children Medical Fund အဖွဲ့မှ အဖွဲ့ဝင်များ လာရောက်လှူဒါန်းကြပြီး ထိုအဖွဲ့မှ ကျွမ်းကျင်သူများက ဝှီးချဲတပ်ဆင်ပေးရန်အတွက် လူနာအား ကိုယ်တိုင်ယူပုံနှင့် လူနာနှင့် လိုက်လျောညီထွေဖြစ်ပြီး အလွယ်တကူသွားလာနိုင်မည့် ဝှီးချဲဖြစ်ရန် လိုအပ်သည့်အချက်များကိုလည်းကောင်း၊ ဝှီးချဲတစ်ခု တပ်ဆင်ပုံနှင့် လိုအပ်သည့် အထောက်အကူပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံကိုလည်းကောင်း ဆည်းဆာသုခအဖွဲ့ဝင် လူငယ်များအား လက်တွေ့သင်ကြားပြသပေးသည်။

ထို့နောက် တပ်ဆင်ပြီးသည့် ဝှီးချဲများကို လာရောက်ထုတ်ယူကြသည့် ကျေးရွာများမှ မသန်စွမ်းကလေးငယ်များအား ဝှီးချဲအသုံးပြုပုံ နည်းစနစ်များ ရှင်းလင်းပြသပြီး လက်တွေ့စမ်းသပ်အသုံးပြုစေခဲ့သလို နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းနည်းများကိုလည်း မိဘများအား သင်ကြားပြသခဲ့သည်။

အဆိုပါ ဝှီးချဲများနှင့် ချိုင်းထောက်များကို ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မြင်းခြံမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ မသန်စွမ်းသူများထံ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့ သုခဆည်းဆာ ဘိုးဘွားရိပ်သာအဖွဲ့ထံ ကြိုတင်စာရင်းပေးသွင်းထားကြသူများအား ထုတ်ပေးနေခြင်းဖြစ်ကာ ယနေ့အထိ စာရင်းပေးသွင်းထားသူ ၁၁၇ ဦး ရှိကြောင်း သိရသည်။



ဝှီးချဲအသုံးပြုပုံများကို မသန်စွမ်းကလေးငယ်တစ်ဦးအား သင်ကြားပြသနေစဉ်။

"စာရင်းပေးထားတာကတော့ ၁၁၇ ဦးရှိပါတယ်၊ ဒါပေမယ့် အခု ပေးနိုင်သေးတာကတော့ ကလေးမသန်စွမ်းအတွက် ဝှီးချဲ အစီး ၂၀၊ လူကြီး မသန်စွမ်းအတွက် အစီး ၄၀ နဲ့ လူကြီးချိုင်းထောက် လေးစုံပဲ ထောက်ပံ့နိုင်ဦးမှာပါ၊ ကျန်တဲ့သူတွေအတွက်တော့ နောက်တစ်ပတ် ထပ်ပြီးလှူပေးသွားမှာပါ၊ အားလုံးကို အခမဲ့လှူတာပါ၊ ကလေးဝှီးချဲက အသက် သုံးနှစ်ကနေ ၁၃ နှစ် ကလေးတွေအတွက်ပါ၊ လူကြီးတွေအတွက်ကတော့ လက်သန်သူကိုပဲ ကျွန်မတို့က ပေးပါတယ်၊ ဒီနေ့ကတော့ ကလေးတွေအတွက်ပဲ အရင်ပေးတာပါ၊ နောက်နေ့ မေ ၈ ရက်နဲ့ ၉ ရက်နေ့တွေမှာတော့ လူကြီးတွေကိုပါ ထောက်ပံ့ပေးသွားမှာပါ"ဟု ဆည်းဆာသုခအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက မေ ၇ ရက်တွင် ပြောသည်။

အဆိုပါ မသန်စွမ်းသူများအတွက် ဝှီးချဲများ ထောက်ပံ့လှူဒါန်းရာတွင် ကလေးများအတွက် ဝှီးချဲများကို ဩစတြေးလျနိုင်ငံမှ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး လူကြီးများအတွက် ဝှီးချဲများကိုမူ အမေရိကန်နိုင်ငံမှ လှူဒါန်းခြင်းဖြစ်ကြောင်း၊ နည်းပညာပံ့ပိုးမှုနှင့် လှူဒါန်းသည့် ဝှီးချဲများ၏ သယ်ယူမှုစရိတ်များကို Burma Children Medical Fund အဖွဲ့က အကုန်အကျခံ၍ ယခုလို မသန်စွမ်းသူများထံ ဖြန့်ဝေလှူဒါန်းပေးခြင်းဖြစ်ကြောင်း ထိုအဖွဲ့၏ Outreach Services Manager က ပြောပြသည်။

**နေအောင် (ပြန်/ဆက်)**

# မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ တောင်သာမြို့နယ်၌ စတင်ထုတ်ချေး

**တောင်သာ မေ ၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဒေသခံ တောင်သူများအတွက် ၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစတင်၍ ထုတ်ချေးပေးနေကြောင်း သိရသည်။

"မိုးရာသီ စိုက်ပျိုးစရိတ်များကို ပုံစံ(၇)ရယူပြီး တောင်သူတစ်ဦးချင်းကို ထုတ်ချေးပေးပါတယ်၊ တောင်သူတွေအနေနဲ့ တစ်ဦးချင်း ထုတ်ချေးပေးတဲ့အတွက် ကိုယ်တိုင်အာမခံရတော့ ပိုပြီး ခိုင်မာတာပေါ့"ဟု တောင်သာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးကျော်ဦးက ပြောသည်။ မေ ၆ ရက်မှ ၇ ရက်အထိ မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခဲ့ရာတွင် ကျေးရွာအုပ်စု နှစ်ခုရှိ တောင်သူ ၁၁၄ ဦး၏ လယ်ယာမြေ ၆၇၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၆၇၆ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၆၄ ခုမှ တောင်သူ ၁၁၃၃၁ ဦး၏ လယ်ယာမြေ ၇၆၂၈၆ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၈၀၇၁၄ သိန်းကို ဩဂုတ် ၃၀ ရက်နောက်ဆုံးထား၍ အပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင် (တောင်သာ)**



ချေးငွေလာရောက်ထုတ်ယူနေသည့် တောင်သူတစ်ဦး

# မင်းတပ်၌ သစ်တောများရေရှည်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မင်းတပ် မေ ၈**

ဂေဟစနစ်ကိုအခြေခံသည့် သစ်တောများရေရှည်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် သစ်တောဦးစီးဌာနက ဦးဆောင်စီစဉ်၍ မင်းတပ်မြို့ အထက(၁)ကျောင်းခန်းမ၌ မေ ၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး ECCDI ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်က သစ်တောဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုအဆင့်ဆင့်၊ သဘာဝပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ ထိန်းသိမ်းဆောင်ရွက်နည်းအဆင့်ဆင့်၊ ဂေဟစနစ်ကိုအခြေခံသည့် သစ်တောများရေရှည်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ပင်းတယမြို့နယ်မှ ရေရှားပါးသည့်ရွာများသို့ ရေဂါလန် ၉၄၈၀၀ ဖြန့်ဝေလှူဒါန်းထားပြီးဖြစ်

**ပင်းတယ မေ ၈**

ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းမှ ရေရှားပါးနေသည့် ကျေးရွာများရှိ ပြည်သူများအတွက် သောက်သုံးရေများကို ဌာနဆိုင်ရာများနှင့် အလှူရှင်များက အဆက်မပြတ် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မေ ၇ ရက်အထိ ရေဂါလန်ပေါင်း ၉၄၈၀၀ ကို ဖြန့်ဝေလှူဒါန်းထားပြီးဖြစ်ကြောင်းနှင့် ရေများကို မေလကုန်အထိ ဆက်လက်ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



ကျေးရွာတစ်ရွာ၌ ရေများဖြန့်ဝေပေးနေစဉ်။

သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်ပြည်သူများ၏ လှူဒါန်းငွေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ရေသယ်ယာဉ်များဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ် သွားရောက်ဖြန့်ဝေ လှူဒါန်းနေခြင်းဖြစ်သည်။

ယနေ့အထိမြို့နယ်အတွင်းမှ ရေရှားပါးသောရွာများဖြစ်သည့် ရှားပြား၊ မြေခြား(တောင်)၊ ဝါတရာ၊ နန်းပလန်၊ လက်လဲ၊ ရေပုတ်၊ ကျောက်ကြား၊ ကြိမ်တော၊ ချပ်ချက်၊ ကုန်းသာနှင့် တည်ပင် စသည့်ကျေးရွာများမှ အိမ်ထောင်စုပေါင်း ၁၁၆၃ စုတို့အတွက် ကျေးရွာတစ်ရွာလျှင် နှစ်ကြိမ်နှုန်းဖြင့် ရေဂါလန်ပေါင်း ၉၄၈၀၀ ကို ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပင်းတယမြို့နယ်တွင် ကျေးရွာပေါင်း ၁၃၈ ရွာရှိပြီး အချို့ကျေးရွာများမှာ နှစ်စဉ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နေရကြောင်းနှင့် သောက်သုံးရေ ပြတ်လပ်သွားခြင်းမရှိစေရန် ဒေသဦးစီးအဖွဲ့နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

## သတင်းတိုများ

### မိုးကြိုးပစ်၍သေဆုံးသူ၏မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅၇)ရပ်ကွက်တွင် မေ ၄ ရက် ညပိုင်းက မိုးကြိုးပစ်ခံရ၍ အသက်သေဆုံးခဲ့သူ ကိုစန်းမောင်(၂၇ နှစ်)၏ အတူနေ ကျန်ရစ်သူမိသားစုဝင်များထံသို့ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှပေးအပ်သည့် ထောက်ပံ့ငွေကျပ်သုံးသိန်းကို အဆိုပါဌာနမှ ဦးစီးအရာရှိ ဦးမော်နိုင်ထွန်းက မေ ၆ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ပေါက်မြို့နယ်မှ ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းပင်ချောင်းကျေးရွာ၌ ရေရှားပါးနေပြီး ကျေးလက်နေပြည်သူ ၄၀၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များအတွက် ရေအခက်အခဲကြုံတွေ့နေရသဖြင့် မလေးရှားရောက် မြန်မာလူငယ်များ ဖွဲ့စည်းတည်ထောင်ထားသော ကွမ်တန် နိစ္စဒါန ပရဟိတအသင်းမှ ပေးပို့လှူဒါန်းသောငွေနှင့် အခြားစေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ငါးဂါလန်ဆံ့ ရေပုံး ၂၀၀ ကျော်ကို အဆိုပါ ပရဟိတအသင်းမှ အဖွဲ့ဝင်များက မေ ၆ ရက်တွင် ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး (ပေါက်)**

### ရေစကြိုမြို့နယ် ရှင်မတောင်တောင်ပေါ်ဘုန်းကြီးကျောင်းသို့ ရေများလှူဒါန်း

ရေစကြိုမြို့နယ် ရှင်မတောင် တောင်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်အတွက် ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရေစကြိုမြို့ ကံပွင့်မိသားစု ရေအလှူတော်အဖွဲ့၊ အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းနှင့် မဟာစည်ရိပ်သာ လူငယ်များအဖွဲ့တို့ ပူးပေါင်း၍ သောက်သုံးရေ ဂါလန် ၁၈၀၀ ကို မေ ၆ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### တောင်ကုတ်မြို့နယ်မှ ရေရှားပါးနေသောရွာများသို့ သောက်သုံးရေများလှူဒါန်း

သံတွဲခရိုင် တောင်ကုတ်မြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများမှ ပြည်သူများထံသို့ သောက်သုံးရေများကို ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များပူးပေါင်း၍ လှူဒါန်းလျက်ရှိရာ မေ ၇ ရက်က ရေလိုအပ်လျက်ရှိသော မိုးကျေးရွာနှင့် မဟော်သဓာ အခမဲ့ ပညာဒါန ကိုယ်ပိုင်အထက်တန်းကျောင်းအတွက် သုံးရေများနှင့် သောက်ရေသန့်များကို ဌာနဆိုင်ရာများ၊ အဖြူရောင်စေတနာရှင်များ ပရဟိတအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ မြိတ်မြို့၌ပြုလုပ်

**မြိတ် မေ ၈**

မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒအရ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် ရေးဆွဲရေး ဗဟုသုတ ဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ မေ ၇ ရက်နှင့် ၈ ရက်က နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။

"မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တယ်၊ မဟာဗျူဟာ မူဘောင်ကို နေပြည်တော်အဆင့်မှာ ပြဋ္ဌာန်းဖို့ နောက်ဆုံးအဆင့်ရောက်နေပါပြီ၊ မဟာဗျူဟာ မူဘောင် အကောင်အထည်ဖော်ဖို့ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် ရေးဆွဲဖို့အတွက် ဗဟုသုတ ဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပါတယ်၊ မဟာဗျူဟာ မူဘောင်မှာပါတဲ့ ဦးစားပေးနယ်ပယ် ခုနစ်ခုနဲ့ သက်ဆိုင်တဲ့ ဦးစီးဌာနတွေ၊ လုပ်ငန်းတွေ၊ အဖွဲ့တွေရဲ့မူဝါဒတွေ၊ လုပ်ငန်းတာဝန်တွေကို ဗဟုသုတအနေနဲ့ ချပြရှင်းလင်းဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ မြေယာအသုံးချမှုနှင့် မြေနေရာသတ်မှတ်ခြင်းဆိုင်ရာကဏ္ဍ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ်၊ ရေအရင်းအမြစ်နှင့် မြစ်ဝှမ်းဒေသများ သန့်ရှင်းကောင်းမွန်ရေး၊ စွမ်းအင်ကဏ္ဍ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များစသည့် အကြောင်းအရာများကို ကဏ္ဍအလိုက်



ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်လာကြသူများနှင့်အတူ ဆွေးနွေးခဲ့ကြသည်။

ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်ကို ငါးနှစ် ကာလသတ်မှတ်ရေးဆွဲမည်ဖြစ်ကာ တိုင်းဒေသကြီးအဆင့်ဖြစ်ကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးနှင့် မြိတ်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။ **ခိုင်ထူး (မြိတ်)**

# မှော်ဘီမြို့နယ်၌ ရွှေတိဂုံပုံတူစေတီတော် ဌာပနာသွင်းမင်္ဂလာ ကျင်းပ

**ရန်ကုန် မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ၌ တည်ထားသည့် ရွှေတိဂုံစေတီတော်ပုံတူ ကျော်ထွင်ခေါင် မဟာတေဇဘာတိက စေတီတော်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို မေ ၇ ရက်က ကျင်းပခဲ့သည်။

ဉာဏ်တော် ၅၄ ပေအမြင့်ရှိသော အဆိုပါစေတီတော်၏ ဌာပနာတော်သွင်းမင်္ဂလာ အခမ်းအနားတွင် ဩဝါဒပရိသတ်များက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး သတ္တဌာန ပဋိမာရုပ်တုတော်များကို ဘုရားဒါယကာများက သံဃာတော်များနှင့်အတူ မူလ ဌာပနာတော်သွင်းမည့် နေရာများ၌ ထည့်သွင်းပူဇော်ခဲ့သည်။

စေတီတော်တည်ထားရန်အတွက် ဦးစီးဆောင်ရွက်ခဲ့သူ ဗိုလ်မှူးချုပ်ခင်မောင်အေး (ငြိမ်း)က "စေတီတော်ကြီးကို ရွှေတိဂုံစေတီတော်မြတ်ပုံတူ တည်ထားကိုးကွယ်ဖြစ်တာက စေတီတစ်ဆူ တည်ထားရင် ကမ္ဘာတည်သရွေ့တည်တံ့ပြီး သားစဉ်မြေးဆက် ကုသိုလ်ယူနိုင်တဲ့အပြင် ကျဆုံးကွယ်လွန်သွားတဲ့ တပ်မတော်သားအပေါင်းနဲ့ ကျေးဇူးရှိတဲ့ တပ်မတော်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ စေတီတော်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လက စတင်တည်ထားခဲ့တာပါ၊ အလုပ်သင်ဗိုလ်လောင်း အပတ်စဉ်(၁)ကနေ (၃၀)အထိ တေဇညီအစ်ကိုတွေနဲ့ ကျဆုံးကွယ်လွန်သွားတဲ့ ညီနောင်တွေအတွက် ကောင်းမှုကုသိုလ်ပြုပေးတဲ့အနေနဲ့လည်း စေတီတော်ကို တည်ထားတာပါ"ဟု ပြောသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



စေတီတော်အတွင်း ထည့်သွင်းပူဇော်မည့် ဌာပနာများ

# တီကျစ် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် အများပြည်သူသဘောထားရယူနိုင်ရေး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**နောင်တရား မေ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း တည်ဆောက်မည့် တီကျစ် ကျောက်မီးသွေး ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် အများပြည်သူသဘောထားများရယူသည့် အခမ်းအနားကို တီကျစ်ကျေးရွာအုပ်စု တောင်ပို့ကြီးဘုန်းတော်ကြီးကျောင်း၌ မေ ၇ ရက်က ပြုလုပ်ခဲ့သည်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားနေစဉ်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်က စီမံကိန်း၏ နောက်ခံသမိုင်းကြောင်းကိုလည်းကောင်း၊ စီမံကိန်းဆောင်ရွက်မည့် ဝူးရှီဝါကွမ်းကုမ္ပဏီမှ အထွေထွေမန်နေဂျာက စီမံကိန်းအကျဉ်းချုပ်ကိုလည်းကောင်း၊ E Guard Environmental Services မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးသီဟက စီမံကိန်းရေိယာနှင့် အနီးပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှု ဆန်းစစ်တွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မတီမှ ကော်မတီဝင်တစ်ဦးကလည်း စီမံကိန်းနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**ခွန်အောင် (နောင်တရား)**

# အမ်းမြို့နယ်၌ သက်တမ်းလွန်စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**အမ်း မေ ၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း တရားမဝင်နှင့် သက်တမ်းလွန် စားသုံးကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် စားသုံးကုန်များရောင်းချနေသည့် ဈေးဆိုင်များကို ရှောင်တခင်စစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဖမ်းဆီးသိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိကာ သိမ်းဆည်းထားသောပစ္စည်းများကို မေ ၆ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်ကျော်မိုး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က မြို့နယ်အတွင်း လိုက်လံစစ်ဆေး၍ တရားမဝင်နှင့် သက်တမ်းလွန်စားသုံးကုန်များသာမက ထိုကုန်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကိုပါ ဖမ်းဆီးသိမ်းဆည်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ **မြို့နယ် (ပြန်/ဆက်)**



သိမ်းဆည်းထားသော သက်တမ်းလွန်စားသောက်ကုန်များကို မီးရှို့ဖျက်ဆီးနေစဉ်။

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်နှင့် သာမဏေများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

**မူဆယ် မေ ၈**

မေ ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မိုင်းယု (၁၀၅)မိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးတင်မိုးက "ကျွန်တော်တို့ တပ်ဖွဲ့ရဲ့ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ လွယ်ကူစေရေးအတွက် မူဆယ်မြို့ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က လှူဒါန်းထားတဲ့ ကားတစ်စီး ရှိပါတယ်၊ ဒီကားတစ်စီးနဲ့ပဲ အားလုံးကို ကျွန်တော်တို့ ကူညီနေတာ ဖြစ်ပါတယ်၊ ကူညီတဲ့နေရာမှာလည်း ဘယ်သူ့ကိုမှ ခွဲခြားဆက်ဆံပြီး ကူညီခဲ့တာမရှိပါဘူး၊ အားလုံးတစ်ပြေးညီ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်၊ ဒီနေ့ဆိုရင် မေ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်ပါ တယ်၊ ဒါကြောင့် ဒီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေ စုပေါင်းရရှိတဲ့ငွေနဲ့ သံဃာတော်တွေကို လှူဖွယ်ပစ္စည်းတွေ ဆက်ကပ်လှူဒါန်းနေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအနေဖြင့် မြို့နယ်အတွင်းရှိ လူမှုရေး၊ ဘာသာရေးနှင့် ကျန်းမာရေးကိစ္စရပ်များတွင် အခါအားလျော်စွာ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍လည်းကောင်း၊ မိမိတို့အသင်းအဖွဲ့တစ်ခုတည်းအနေဖြင့်လည်းကောင်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**



ကြက်ခြေနီတပ်ဖွဲ့ဝင်များက သာမဏေများအားလှူဖွယ်ပစ္စည်းများ လှူဒါန်းနေစဉ်။

# ကန့်ဘလူ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲပြုလုပ်

**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ ခရိုင်နှင့်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ တက်ရောက်၍ သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်ရန်၊ ကျရောက်ပါက မည်သို့ဆောင်ရွက်ရမည် စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဌာနအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်း တင်ပြဆွေးနွေးခဲ့သည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# မန္တလေး၌ အပူရှောင်စခန်းများ ဖွင့်လှစ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေ

**မန္တလေး မေ ၈**

မန္တလေး ချမ်းအေးသာစံမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပူပြင်းသည့် ရာသီဥတုဒဏ်ကို ပြည်သူများ ရှောင်ရှားနိုင်ရန်အတွက် အပူရှောင်စခန်း လေးခုကို ဧပြီလ နောက်ဆုံးပတ်အတွင်းမှစ၍ ဖွင့်လှစ်ပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးနေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောကြားသည်။

အပူရှောင်စခန်းဖွင့်ရန် နေရာရွေးချယ်ရာတွင် ကျယ်ဝန်းပြီး အေးချမ်းစွာနေနိုင်၍ သွားလာရလွယ်ကူသော နေရာများကို ရွေးချယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

“လက်ရှိမှာ အပူကပြင်းတယ်။ တချို့တွေ နေအိမ်ကျဉ်းကျဉ်းလေးမှာ အပူဒဏ်ခံစားနေရတယ်။ ကျန်းမာရေးမကောင်းတဲ့ ကလေးတွေအပြင် သက်ကြီးရွယ်အိုတွေ ရှိနိုင်တယ်။ သူတို့ အပူဒဏ်ကို ရှောင်ရှားနိုင်ဖို့နဲ့ အေးအေးချမ်းချမ်းနေနိုင်အောင် အပူရှောင်စခန်းတွေ ဖွင့်တာပါ။ အဲဒီမှာလာတဲ့သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပါ လုပ်ပေးပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ဖွင့်လှစ်ထားသော အပူရှောင်စခန်း လေးခုမှာ ကန်ကောက်ရပ်ကွက်တွင် ဝါခင်းကုန်းဘုရား၊ စိတ္တရမဟီရပ်ကွက်တွင် ဆုတောင်းရဓမ္မာရုံ၊ အောင်နန်းရိပ်သာရပ်ကွက်တွင် သကျသီဟဘုရားနှင့် သီရိဟေမာအနောက်ရပ်ကွက်တွင် ချမ်းသာရဘုရားဓမ္မာရုံတို့ဖြစ်ပြီး အခြားမြို့နယ်များတွင်လည်း တာဝန်ရှိသူများနှင့် ရပ်ကွက်လူမှုရေးအဖွဲ့များက ၎င်းတို့ ရပ်ကွက်အလိုက် ဓမ္မာရုံများတွင် အပူရှောင်စခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။ အပူရှောင်စခန်းများကို အပူချိန်မြင့်မားနေသည့် ကာလတစ်လျှောက်လုံး ဖွင့်လှစ်သွားမည်ဖြစ်ကာ အပူချိန်လျော့ကျပြီး ရာသီဥတုကောင်းမွန်ချိန်တွင်မှ စခန်းပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

အပူရှောင်စခန်းများကို နံနက် ၉ နာရီခွဲ ၁၀ နာရီခန့် နေစတင်ပူချိန်တွင် ဖွင့်လှစ်ပြီး ညနေ ၅ နာရီခွဲခန့်တွင် အပူရှောင်စခန်းသို့လာသူများ ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားသည်အထိ ဖွင့်လှစ်ပေးထားကြောင်း၊ အပူရှောင်စခန်းများသို့ ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးပြီး ဓာတ်ဆားထုပ်များနှင့် အားဆေးများ ဝေငှပေးကြောင်း၊ သွေးတိုးရှိသူဆိုလျှင် သွေးကျဆေးလည်း ပေးကြောင်း၊ စခန်းသို့လာသူတိုင်းအား အအေးတိုက်ပြီး လိုအပ်လျှင် ကျန်းမာရေးစောင့်ရှောက်ကူညီမှုများ အမြန်ဆုံးလုပ်ပေးနိုင်အောင် လူမှုကူညီရေးအသင်းများနှင့်လည်း ကြိုတင်ချိတ်ဆက်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ထို့အပြင် မန္တလေးမြို့ရှိ မြို့နယ်များအတွင်း ပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် သတိလစ်ခြင်းများအတွက် အရေးပေါ် ရှေးဦးပြုစုခြင်း အစရှိသော အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို မြို့နယ်အုပ်ချုပ်အဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ နှင်းနွယ်နီအေးထံမှ သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



အပူရှောင်စခန်းသို့ လာရောက်သောပြည်သူများအား အားဆေးများ ဖြန့်ဝေပေးနေစဉ်။

# အုတ်ဖိုမြို့နယ်၌ လေပြင်းတိုက်ခတ်၍ ပျက်စီးမှုအတွက် ထောက်ပံ့



လေပြင်းတိုက်ခတ်၍ နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

**အုတ်ဖို မေ ၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခံခဲ့ရသော ပြည်သူများအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက အမှာစကားပြောကြားသည်။ ထို့နောက် မေ ၅ ရက်က အုတ်ဖိုမြို့နယ် ကျေးရွာအုပ်စု ၁၆ အုပ်စုတွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုမှ ပြိုလဲနေအိမ် ၁၂ လုံး၊ အမိုးလန် ဘုန်းကြီးကျောင်း နှစ်ကျောင်းနှင့် အမိုးလန်နေအိမ် ၁၁၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၄၂၇၀၀၀ နှင့် ပြိုလဲနေအိမ် ၁၂ လုံးရှိ လူဦးရေ ၅၀ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၀၅၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အခြေခံပညာကျောင်းဆောင်သစ်များ ကန့်ဘလူမြို့နယ်၌ တိုးချဲ့ဆောက်လုပ်မည်

**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၄၃ သန်းဖြင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် လက်ရှိဆောက်လုပ်နေပြီး အပြီးသတ်ဆောင်ရွက်ရန်ကျန်သော ကျောင်းများမှာ ဆူးပုတ်ကုန်းကျေးရွာနှင့် မဲသည်ကျေးရွာ အလက(ခွဲ)ကျောင်းတို့ရှိ ကျောင်းဆောင်များနှင့် တံခွန်တိုင် (မြကန်သာ) ကျေးရွာ၊ မုံ့ပေါင်းကျေးရွာ၊ ရင်ဂါတ်ကုန်းကျေးရွာ၊ မှန်နီပင်ကျေးရွာ၊ ဖိုးဇော်ဂျီကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဖလားရကျေးရွာ၊ ဖလံချိုင်ကျေးရွာ၊ ဒေါင့်တဲကုန်းကျေးရွာ၊ အင်းပုတ်ကျေးရွာ၊ နမ့်ပလွန်ကျေးရွာ၊ ကျောက်ချောကျေးရွာ၊ တောင်တောကျကျေးရွာနှင့် ပြေကွင်းကျေးရွာတို့ရှိ အမကကျောင်းဆောင်များဖြစ်သည်။

ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်မည့် ကျောင်းများမှာ ကျွန်းပင်ကုန်းကျေးရွာ၊ လျှော်ဖြူကုန်းကျေးရွာ၊ ကျောက်ဆည်ကန်ကျေးရွာ၊ မင်းဘာကျေးရွာ၊ မယ်ဇတောကျေးရွာ၊ ဂါးထာကျေးရွာ၊ ဖိုကုန်းကျေးရွာ၊ ကျီစုကျေးရွာ၊ ကာဘိုးကျေးရွာ၊ အေးသာယာကျေးရွာ၊ ပျဉ်းတော်ကျေးရွာ၊ ရသားကျေးရွာ၊ သောက္ကန်ကျေးရွာ၊ ကျီကုန်းကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာ၊ အိုင်လျားကျေးရွာ၊ ကိုးထောင်ဘိုကျေးရွာ၊ ပုဏ္ဏားကြီးကျေးရွာ၊ မြေထူးကျေးရွာနှင့် တင်ကုတ်ကြီးကျေးရွာတို့ရှိ ကျောင်းများဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# အင်္ဂပူနှင့် မိတ္ထီလာမြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ပျက်စီး

**အင်္ဂပူ**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုတို့တွင် မေ ၆ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ခြောက်အုပ်စုအတွင်းရှိ လူနေအိမ် ၂၀၄ လုံး၊ အိမ်ထောင်စု ၂၀၄ စုနှင့် စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီး၊ ဝန်ထမ်းအိမ်ရာ တစ်ခု အမိုးပျက်စီးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ် ကင်ပွန်းချုံကျေးရွာ၌ မေ ၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ နှစ်ထပ်ကျောင်းဆောင်နှင့် လူနေအိမ် ခုနစ်လုံး အမိုးလန်ခြင်းများ ဖြစ်ပေါ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် တပျော်ကျေးရွာအုပ်စု ကင်ပွန်းချုံကျေးရွာမှ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ခုနစ်ပင်ပတ်လည် သွပ်မိုး၊ အုတ်ကာ နှစ်ထပ်ကျောင်းဆောင်၏ အမိုးများလန်ခြင်း၊ ကျေးရွာအတွင်းရှိ လူနေအိမ် ခုနစ်လုံး အမိုးများလန်၍ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းလေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်၍ ပျက်စီးသည့် နေရာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကင်ပွန်းချုံကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ နှစ်ထပ်ကျောင်းဆောင်နှင့် လူနေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီးခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။



မိတ္ထီလာ၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံပျက်စီးနေမှုကို တွေ့ရစဉ်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# မြေပြိုခြင်းဘေး အသိပညာပေး

**မြေပြိုမှု ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ**

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့်ဝေးဝေးနေပါ၊မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ခွင့်ပြုချက်ရမှသာလျှင် ပင်ရောက်နေထိုင်ပါ။



၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ မိသားစုဝင်များပျောက်ဆုံးကွဲကွာပါကသက်ဆိုင်ရာ သို့ချက်ချင်းအကြောင်းကြားပါ။



၄။ မြေပြိုခြင်းကြောင့်နောက်ဆက်တွဲ ဖြစ်လာနိုင်သောရေလွှမ်းမိုးမှု၊ ရွှံ့နွန်းမြေများ၊ မြေသား အစိုင်အခဲများပြိုကျ စီးဆင်းလာနိုင်မှု တို့အားအထူး သတိပြု နေထိုင်ပါ။



၅။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၆။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံ များပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင် များ၏အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက် များအတိုင်းလိုက်နာဆောင်ရွက်ပါ။



၇။ ဘေးအန္တရာယ်ကျရောက်ပြီးနောက်ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြု စောင့်ရှောက်မှုပေးပါ။



၇

# ကလေးမြို့အခြေစိုက်အဝေးပြေးယာဉ်လိုင်းများအား ယာဉ်မထွက်ခွာမီ နေ့စဉ်စစ်ဆေးလျက်ရှိ

**ကလေး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အခြေစိုက် အဝေးပြေးမော်တော်ယာဉ် အသင်းများမှ ယာဉ်များမတော်တဆမှု နှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး အတွက် ကလေးခရိုင် ကလေးမြို့ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲ နိုင်ရေးကော်မတီ(မစက)နှင့် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန၊ မီးသတ် ဦးစီးဌာနများ ပါဝင်သော ပူးပေါင်း အဖွဲ့သည် ပင်မယာဉ်ရပ်နားစခန်းတွင် ကလေးမြို့မှထွက်ခွာ၍ အမြန်လမ်းကို ဖြတ်သန်းမည့် ခရီးသည်တင်မော်တော် ယာဉ်လိုင်းများအား နေ့စဉ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။



အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်မထွက်ခွာမီ ယာဉ်မောင်းအား စည်းကမ်းချက် ညီ၊ မညီ စစ်ဆေးစဉ်။

"ဒီလိုစစ်ဆေးတဲ့နေရာမှာ အဓိက ကလေး- ရန်ကုန်အဝေးပြေးယာဉ်လိုင်း အားလုံးကို သတ်မှတ်တဲ့ယာဉ်မောင်း လိုင်စင်နဲ့ လုပ်ငန်းလိုင်စင်ရှိ၊ မရှိ၊ ယာဉ် မောင်းသူနှစ်ဦးထားရှိခြင်း ရှိ၊ မရှိ၊ ခရီး သည်တွေ အလွယ်တကူပတ်နိုင်တဲ့ ထိုင်ခုံခါးပတ် ရှိ၊ မရှိနဲ့ ခါးပတ်ပတ်ထား မှု ရှိ၊ မရှိ၊ ယာဉ်မောင်းအရက်သေစာ သောက်စားမှု ရှိ၊ မရှိ စတာတွေကို စစ်ဆေးပါတယ်။ ဒါ့အပြင် အထူးသဖြင့် ယာဉ်တစ်စီးရဲ့ကြံ့ခိုင်မှု၊ မီးသတ်ဆေးဘူး နဲ့ ကားရဲ့တာယာကောင်း/မကောင်းတွေ ကအစ အသေးစိတ်စစ်ဆေးပါတယ်" ဟု ကလေးမြို့နယ်ပုဂ္ဂလိကမော်တော် ယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းကပြောသည်။

ထိုသို့စစ်ဆေးရာတွင် အဓိကအား ဖြင့် ကားတာယာများ ကောင်းမွန်မှုရှိစေ ရေး၊ ယာဉ်ပေါ်တွင်မီးသတ်ဆေးဘူးနှင့် အရေးပေါ်ကိရိယာများ ပြည့်စုံစွာပါရှိရေး၊ ယာဉ်စီးနင်းသူများ ခါးပတ်များတပ်ဆင် ရေး၊ သတ်မှတ်ထားသော ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင် များပါရှိရေး၊ ယာဉ်မောင်းနှစ်ဦးနှင့် ယာဉ်နောက်လိုက်များ ပြည့်စုံစွာပါရှိရေး၊ ယာဉ်မောင်းများ အရက်သေစာသောက် စားမှုမရှိစေရေးတို့ကို အဓိကထား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ချင်းတွင်းသား**

# နေရပ်စွန့်ခွာစခန်းများမှ ဆယ်ကျော်သက်အမျိုးသမီးများ မြစ်ကြီးနားမြို့ပေါ်လေ့လာ

**မြစ်ကြီးနား မေ ၈**

ကချင်အမျိုးသမီးများသမဂ္ဂမှ ဦးဆောင် ၍ နေရပ်စွန့်ခွာစခန်းများမှ အမျိုးသမီး ငယ် ၄၅ ဦးကို မြစ်ကြီးနားမြို့ပေါ် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ လိုက်လံပို့ဆောင်ခဲ့သည်။

ဂျန်မိုင်ကောင်း နှစ်ခြင်းအသင်း တော်နှင့် ကက်သလစ်အသင်းတော်စခန်း၊ တပ်ကုန်း(စံပြ)၊ အင်ဂျန်ဒုံ(နှစ်ခြင်း အသင်းတော်)၊ ဇီးလွန်(နှစ်ခြင်းအသင်း တော်)၊ ဂါလိလဲဘုရားကျောင်းတို့မှ အမျိုးသမီးငယ် စုစုပေါင်း ၄၅ ဦးတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြစ်ကြီးနားခရိုင်ရုံးရှိ လူထု အခြေပြုဗဟိုဌာန၊ လပ်ကီးမုန့်တိုက်နှင့် ဆယ်ကျော်သက်အရွယ် အမျိုးသမီးလေး များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအကြောင်း ပိုမိုသိရှိစေ ရန်နှင့် ဗဟုသုတအကြားအမြင် ပြည့်စုံ ကြွယ်ဝစေရန်ရည်ရွယ်၍ အသက်မွေး ဝမ်းကျောင်းနှင့် ဗဟုသုတပိုင်းဆိုင်ရာ နှစ်ရက်သင်တန်းများ သင်ကြားပေးပြီး ယခုကဲ့သို့ လိုက်လံပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း ကချင်အမျိုးသမီးများ သမဂ္ဂမှ တာဝန်ရှိသူ ဒေါ်မရန်ဆိုင်းခေါ်န် ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**




မြစ်ကြီးနားခရိုင် ပြန်/ဆက်ရုံးအတွင်း အမျိုးသမီးငယ်များ စာပေလေ့လာဖတ်ရှုစဉ်။

# ခိုင်ကမ်းမြို့၌ မြို့ပတ်လမ်းသစ်ဖောက်လုပ်မှု ၆၀ ရာခိုင်နှုန်းပြီးစီး

**ခိုင်ကမ်း မေ ၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ မြို့ပတ်လမ်းသစ် ဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၁၉ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီး နေပြီဖြစ်ကြောင်း ခိုင်ကမ်းမြို့ စည်ပင် သာယာရေးအဖွဲ့ရုံးမှ သိရသည်။



ခိုင်ကမ်းမြို့၌ မြို့ပတ်လမ်းသစ်ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

အဆိုပါမြို့ပတ်လမ်းဖောက်လုပ် ခြင်းလုပ်ငန်းကို Van Zion ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ပြီး ခိုင်ကမ်းမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်အတွင်း လမ်းအရှည် တစ်မိုင်ကို အကျယ် ၂၂ ပေအဖြစ် ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမြို့ပတ်လမ်းဖောက်လုပ်တာက အင်မတန်ကောင်းပါတယ်။ မြို့ဖွံ့ဖြိုးတိုး တက်မှုအတွက် အဓိကလိုအပ်ချက်က လမ်းပဲလေ။ ဒါကြောင့် ကျွန်တော်တို့မြို့ အတွက် ဝမ်းသာပါတယ်"ဟု မြို့ခံတစ်ဦး က ပြောသည်။

ခိုင်ကမ်းမြို့သည် အိမ်ခြေ ၆၅၀ ခန့် ရှိပြီး မြို့ပတ်လမ်းမရှိသေးဘဲ အဓိက လမ်းမကြီးတစ်ခုတည်းကိုသာ အသုံးပြု နေရသဖြင့် ယခုဖောက်လုပ်လျက်ရှိသော မြို့ပတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာ လှပရေးတို့အတွက် များစွာအထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ချည်မျှင်ရှည်ဝါ ဧက ၅၀ ကျော်စိုက်ပျိုးမည်

**မိတ္ထီလာ မေ ၈**

မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာ၌ တစ်ဆက်တစ်စပ်တည်း ချည်မျှင်ရှည်ဝါ ဧက ၅၀ ကျော် ကို ယခုနှစ် ဝါစိုက်ပျိုးရာသီ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသများတွင် စီးပွားရေးတွက်ခြေကိုက်၍ ဒေသနှင့် အဆင်ပြေပြီး အထွက်နှုန်းကောင်းသည့် သီးနှံကို ရွေးထုတ်ရာတွင် ဝါသီးနှံမှာ ရာသီဥတုဒဏ်ခံနိုင်ပြီး ဈေးနှုန်းမှာလည်း လျော့နည်းခြင်းမရှိသည့် အတွက် ယခုလို လှည်းပွဲကျေးရွာ၌ တစ်ဆက်တစ်စပ်တည်း ချည်မျှင်ရှည်ဝါ ဧက ၅၀ ကျော် စိုက်ပျိုးနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ ယင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင်လည်း ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရရှိစေရန်နှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်၊ လယ်ကွက်များ၏ ပုံသဏ္ဌာန်၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲ စိုက်ပျိုးထုတ်လုပ်ရန် စသည့် စိုက်ပျိုးရေးနည်းပညာသိရှိစေရန် အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။

ထို့အပြင် တစ်ဆက်တစ်စပ်တည်း ချည်မျှင်ရှည်ဝါ ဧက ၅၀ ကျော် စိုက်ပျိုး ရာတွင်လည်း တစ်ဧက ပိဿာ တစ်ထောင်ထွက်ရှိရေး စိုက်ပျိုးရေးဝန်ထမ်းများမှ လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေး

**မလှိုင် မေ ၈**

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစတင်ကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် ( မလှိုင်ဘဏ်ခွဲ )မှ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်ကြူကြူဝင်းထံမှ သိရသည်။

ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ်ကနှင့် မတူ တိုးမြှင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ၊ နှမ်းနှင့် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း ထုတ်ချေးပေးသွားမည် ဖြစ်သည်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ) မန်နေဂျာမှ ချေးငွေများထုတ်မချေးမီ တောင်သူများအား တွေ့ဆုံပြီး နိုင်ငံတော်အစိုးရမှ တောင်သူများ စိုက်ပျိုးချိန်တွင် အဆင်ပြေစေရန် ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးထားကြောင်း၊ တောင်သူများ ကလည်း ချေးငွေများကို သီးနှံပေါ်ချိန်တွင် အကျေပြန်လည်ပေးဆပ်သွားရန် မှာကြားပြီး ထန်းတောကျေးရွာအုပ်စုမှ တောင်သူ ၄၆ ဦး၏ နှမ်း ဧက ၁၇၀ ၊ မြေပဲ ၁၂၅ ဧက အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၂၉၅၀၀၀၀၀ ကို မေ ၆ ရက်မှ စတင်ထုတ်ချေး ပေးခဲ့သည်။

မလှိုင်မြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၅၃ အုပ်စု မှ တောင်သူ ၁၃၃၀၀ တို့၏ စပါး ဧက ၉၀၀၀ ၊ နှမ်း ၄၄၁၈၇ ဧက ၊မြေပဲ ၃၄၉၁၃ ဧကအတွက် ငွေကျပ်သန်းပေါင်း ၉၂၆၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**အောင်ငွေး (မလှိုင်)**

## မီးသတ်ယာဉ်များ အမြန်ဆုံး လာရောက်ငြိမ်းသတ်နိုင်ရေးအတွက်

၁။ အမြန်ဆုံးသတင်းပို့ပါ။
၂။ မီးလောင်သည့်နေရာကို အတိအကျသတင်းပို့ပါ။
၃။ မီးသတ်ယာဉ်/စက်များရောက်ရှိလာလျှင် မီးလောင်မှုနှင့် အနီးစပ်ဆုံးနေရာသို့ ညွှန်ပြပေးပါ။
၄။ မီးသတ်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းရှင်းလင်းဖယ်ရှားခြင်းဖြင့် ကူညီပါ။
၅။ မလိုအပ်ဘဲ ဝိုင်းအုံရပ်ကြည့်မနေဘဲ ဖယ်ရှားပေးခြင်းဖြင့် ကူညီပါ။
၆။ မီးမလောင်သေးသည့် မိမိ၏နေအိမ်များရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း၊ အတင်းအဓမ္မခြိမ်းခြောက်ခေါ်ယူခြင်း၊ အတ္တဆန်စွာ အနှောင့်အယှက်ပြုခြင်းများကို ရှောင်ကြဉ်ပါ။



## အမည်ပြောင်း

ပုသိမ်မြို့၊ စကားဝါလမ်းနေ ဦးနေဇာအောင်၏သား တတိယတန်းအောင်မြင်သူ မောင်အောင်ပိုင်ဖြိုးအား မောင်ဥက္ကာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

## မိခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ရင်းတိုက်ကုန်းကျေးရွာနေအုပ်စု ညောင်ပင်သာ အမက(မူလွန်) မှ မောင်ထက်ဝေယံ ဆဋ္ဌမတန်းနှင့် မောင်အောင်ဖုန်းပြည့် ဒုတိယတန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်နီနီဝင်း ၇/ကတခ(နိုင်)၁၄၁၇၄၄ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ပြည့်သျှံ(ဘ)ဦးစိုးရွှေ ၉/လဝန(နိုင်)၂၀၀၁၂၉ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၇၅၆၄၈၇၁၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွေးဦး ၉/ပမန(နိုင်)၂၂၇၈၄၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၉၆၄၂၀၀၅၅၈

## အမည်မှန်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်၊ အမှတ်(၇၂) နေ ဦးဝေမင်းအောင်၏ သမီး အထက (၁) မှ သတ္တမတန်းအောင် မစိမ့်သဒ္ဒါနွေး၏အမည်မှန်မှာ မစိမ့်သဒ္ဒါနွေး ဖြစ်ပါကြောင်း။

**မစိမ့်သဒ္ဒါနွေး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊မြေကွက်အမှတ်(ဒ-၆၀၈၆)၊ ဧရိယာ ၀ဒသမ၀၅၅၈ကေရှိ ဒေါ်ညို(ဘ) ဦးရွှေပု ၉/လဝန(နိုင်)၁၀၉၀၀၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နုခင်လေးဖူး(ဘ)ဦးအေးလွင် ၉/မထလ(နိုင်)၁၇၀၄၂၉ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း ၊ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာနလက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ဒဂုံ) တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေစာရင်းတွင်ပါရှိသည့် နိုင်ငံတော်အထောက်အပံ့မှရငွေ(ပြည်တွင်း)(EU Budget Grant)ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)အတွက်

Lot(1) အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅')(၁၁၂၅၀စ/ပေ) (၁)လုံး
Lot(2) အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅') (၁၁၂၅၀ စ/ပေ)(၁)လုံး
Lot (3)ဆရာ/မဆောင်RC (၄)ခန်းတွဲ(၄)ထပ်(၇၈'×၉၄')(၁၇၇၈၈ စ/ပေ)(၁)လုံး
Lot (4)ဆရာ/မဆောင်RC (၄)ခန်းတွဲ(၄)ထပ်(၈၂'×၅၇')(၁၃၇၈၄ စ/ပေ)(၁)လုံး

အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ဒဂုံ)အတွက်

Lot (5)အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅') (၁၁၂၅၀စ/ပေ) (၁)လုံး
Lot (6)အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅')(၁၁၂၅၀ စ/ပေ) (၁)လုံး
Lot (7)ဆရာ/မဆောင်RC (၄)ခန်းတွဲ(၄)ထပ်(၇၈'×၉၄')(၁၇၇၈၈ စ/ပေ)(၁)လုံး
Lot (8) ဆရာ/မဆောင်RC (၄)ခန်းတွဲ(၄)ထပ်(၈၂'×၅၇')(၁၃၇၈၄ စ/ပေ)(၁)လုံး

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၆-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီ
**တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ဖုန်း - ၀၉၄၄၃၉၇၃၆၀၆
၀၉-၄၀၀၃၀၅၄၁၆
၀၉-၅၀၈၆၇၇၅

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် Training Course on Food Processing စီမံကိန်းအတွက် လိုအပ်သော စက်ကိရိယာ၊ အထောက်အကူပစ္စည်း (၁၉) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၅-၂၀၁၉ရက်မှ ၁၂-၆-၂၀၁၉ရက်ထိ ရုံးချိန်အတွင်း

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၂-၆-၂၀၁၉ရက် ၁၃း၀၀နာရီထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(စီမံခန့်ခွဲရေးဌာနခွဲ)၊ ရုံးအမှတ် (၁၆)(နေပြည်တော်) ဖုန်း-၀၆၇-၄၁၀၀၅၀၊ ၀၆၇-၄၁၀၃၉၇ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်းမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ၂၀၁၉ ခုနှစ် မေလမှစက်တင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်သော စက်မောင်းဆီ(ဒီဇယ်) (၂၄၀၀၀၀)ဂါလန်အား သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ မြို့အသီးသီးတွင်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ဝယ်ယူလိုသည့်မြို့ | ဆီဂါလန် |
|---|---|---|
| (က) | မန္တလေးမြို့ | ၁၂၈၁၂၄ |
| (ခ) | နေပြည်တော် | ၂၄၅၄၀ |
| (ဂ) | ပဲခူး | ၁၇၅၅ |
| (ဃ) | တောင်ငူ | ၃၁၈၀ |
| (င) | ညောင်လေးပင် | ၂၉၅၀ |
| (စ) | ပြည် | ၃၄၀၅ |
| (ဆ) | သာယာဝတီ | ၂၉၇၃ |
| (ဇ) | ရေတာရှည် | ၃၀၀၀ |
| (ဈ) | ထားဝယ် | ၁၂၀၀၀ |
| (ည) | ပုသိမ် | ၈၀၀၀ |
| (ဋ) | မြစ်ကြီးနား | ၂၁၃၀ |
| (ဌ) | ကသာ | ၁၉၈၂၃ |
| (ဍ) | ရွှေကူ | ၂၈၁၂၀ |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၅-၂၀၁၉ရက်မှ ၂၈-၅-၂၀၁၉ရက်ထိ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၈-၅-၂၀၁၉ရက် ညနေ ၁၆း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၃၁-၅-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ
(ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း (ဒုတိယအထွေထွေမန်နေဂျာ)
မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၅၁၉၆၆၆၅
နေပြည်တော်ကောင်စီနယ်မြေ ဖုန်း-၀၉-၄၄၂၀၂၁၃၂၈
ပဲခူးတိုင်းဒေသကြီး ဖုန်း-၀၉-၂၀၃၆၁၁၅
တနင်္သာရီတိုင်းဒေသကြီး ဖုန်း-၀၉-၅၆၅၀၁၈၈
ဧရာဝတီတိုင်းဒေသကြီး ၊ အမှတ် (၄)အထပ်သား စက်ရုံမှူး ဖုန်း-၀၉-၅၂၀၂၂၁၀

၃။ လစဉ်တင်သွင်းရမည့် ဒီဇယ်ဆီပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာတွင် တစ်ပါတည်း ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက-

(က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.myanmatimber.com.mm
(ခ) ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ - ဖုန်း-၀၉-၅၁၉၆၆၆၅
(ဂ) မန်နေဂျာ(အုပ်ချုပ်ရေး/စီမံကိန်း) - ဖုန်း-၀၉-၅၃၀၁၅၆၂

**တင်ဒါခေါ်ယူရေးကော်မတီ**

## ၂၀၁၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး စာစီစာကုံးနှင့် Video Clip ပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် Air Pollution ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုပမာဏလျှော့ချနိုင်ရေးအတွက် နေ့စဉ်လူမှုဘဝတွင် မည်ကဲ့သို့ ပြောင်းလဲမှုများဆောင်ရွက်သင့်သည်ကို ကျွန်ုပ်တို့ဆင်ခြင်သုံးသပ်ရန် ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှတစ်ဆင့်တိုက်တွန်းထားပါသည်။ လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို လျှော့ချနိုင်မည့်အပြင် လူသားတို့၏ ကျန်းမာရေးအတွက်လည်း ကောင်းမွန်သောအကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနိုးဆော်ချက်များကို ပြည်သူအများ သိရှိဆောင်ရွက်နိုင်ကြစေရန်ရည်ရွယ်၍ Clearing the Air, Combatting the Air Pollution သန့်စင်သောလေရှူရှိုက်ဖို့၊ လေထုညစ်ညမ်းမှုတိုက်ဖျက်စို့ ခေါင်းစဉ်ဖြင့် မိမိတို့ရေးသား/ရိုက်ကူးတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်းဆောင်းပါး/စာစီစာကုံးနှင့် video clip များကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသား/ရိုက်ကူးပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

အလွတ်တန်းဆောင်းပါး/ စာစီစာကုံးကိုမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀မျက်နှာမှအများဆုံး ၁၅ မျက်နှာအထိ ပြိုင်ပွဲဝင်စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာအနည်းဆုံး ၅မျက်နှာမှ အများဆုံး ၇မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3/ Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ဒသမ၅(Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့်ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင်စည်းကမ်းနှင့် မညီညွတ်သောစာမူများအား ပယ်ချသွားမည်ဖြစ်ပါသည်။

Video Clip အား မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ၃မိနစ်မှ ၅မိနစ်အတွင်း ရှိရမည်ဖြစ်ပြီး ခေါင်းစဉ်နှင့်ကိုက်ညီရန် ဗီဒီယိုဖိုင် (Video(.avi)format (သို့မဟုတ်) MP4 format) ပုံစံဖြင့် ပေးပို့ရန်၊ ဗီဒီယိုဖိုင်တွင် မြန်မာနောက်ခံစကားပြော/အင်္ဂလိပ်စာတန်းထိုး(သို့မဟုတ်)အင်္ဂလိပ်နောက်ခံစကားပြော/မြန်မာစာတန်းထိုးဖြင့် ပေးပို့ရန်၊ ပြိုင်ပွဲဝင် video clip များသည် ရုပ်သံလိုင်း၊ အွန်လိုင်းနှင့် အခြားတစ်နေရာရာမှကူးယူထားသော video clip များမဖြစ်စေရဘဲ မိမိကိုယ်တိုင်တီထွင်ဖန်တီးရိုက်ကူးထားသော video clip များဖြစ်ရန်၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ခံစားပုံဖော်ရိုက်ကူးယှဉ်ပြိုင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်၊ ကိုယ်တိုင်ရိုက်ကူးပုံဖော်ထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို video clip နှင့်အတူ ပေးပို့ရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော video clip များအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် အလွတ်တန်းဆောင်းပါး/စာစီစာကုံးအတွက် စာမူ (Hard/Soft-copy) တစ်စုံစီနှင့် video clip အတွက် (soft-copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၃ပုံ(၁.၅"×၂"ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၂၉၊ ၀၆၇-၄၃၁၄၉၇၊ ဖက်စ်အမှတ် ၀၆၇-၄၃၁၃၂၉၊ အီးမေးလ် hr.env.ecd @gmail.com သို့ ၂၀၁၉ခုနှစ် မေ ၂၄ရက်(သောကြာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website www.ecd.gov.mm နှင့် facebookpage (Environmental Conversation Department-ECD) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့်မပြည့်စုံသော ဆောင်းပါးများ/စာစီစာကုံးနှင့် video clip များအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၁၉ခုနှစ် ဇွန် ၁ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင် ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၁၉ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ (P.H.S.D)နှင့် ဓာတ်ဆီ (Octane-92) (၂၀၁၉ ခုနှစ် ဇွန်လအတွက်) တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၉ရက် ၁၄း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၀-၅- ၂၀၁၉ရက်မှစ၍ ၁၀-၆-၂၀၁၉ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၁၇၅-က) ညောင်ငူ၊ ဦးပိုင်အမှတ်(၃၁-ခ)၊ ဧရိယာ ၀ဒသမ၁၅၈ကေရှိ မြို့မြေအားအမှတ်(၃)ရပ်ကွက်၊ ညောင်ငူလမ်းနေ ဦးမြလှိုင်၏သား ဦးကံထွန်း ၁၄/ပသရ(နိုင်)၀၂၈၈၁၉ သည် လူနေအိမ်အဖြစ် အသုံးပြုရန် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာအထောက်အထားများယူဆောင်လာ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်

## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် ၁၅-၁၁-၂၀၁၉ရက်တွင် ဖွင့်လှစ်မည့်သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၃)ဘာသာရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည်ဖြစ်ပါသည်။)

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူဖြစ်ရမည်၊
(၂၀၁၉ခုနှစ် မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၉ခုနှစ် မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)
(ဂ) လျှောက်လွှာပိတ်သည့် ၁၇-၇-၂၀၁၉ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးရ။
(အခြေခံညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်။)
(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။
(စ) အနည်းဆုံးအရပ် (၅)ပေရှိရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး (၁) လလျှင် ကျပ် (၃၀၀၀၀/-) (ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းအတွက် ကျပ်(၈၀၀၀၀၀/-)(ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် ကျပ်(၃၀၀၀၀၀/-) (ကျပ်သုံးသိန်းတိတိ) ပေးလျော်နိုင်သူဖြစ်ရမည်။
(ည) သင်တန်းအောင်မြင်ပြီး(အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်)သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို/လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်တွင် အနည်းဆုံး (၃)နှစ် မပျက်မကွက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိရေးထိုးရမည်ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို (မည်သည့်တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို)ရယူပြီး ပြည့်စုံ၊ တိကျ၊ ပီသစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူပူးတွဲပြီး အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့်စာစစ်ဌာန တည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၁၇-၇-၂၀၁၉ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ (နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)
(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-
၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့်အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ (၁) စောင်။
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း)(၁)စောင်။
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(၁)စောင်။
၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ(မူရင်း)(၁)စောင်။
၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ထောက်ခံစာ(မူရင်း) (၁)စောင်။
၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ(မူရင်း)(၁)စောင်။
၇။ ဌာနဆိုင်ရာ ဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(မူရင်း)(၁)စောင်။
၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ (၁)ပုံ ကပ်ပြီးပေးပို့ရမည်။ (၆-လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မိဘအမည်၊ နေရပ်များရေးရမည်။)

**(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်းအခြားမည်သည့် လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ)။

၅။ အောက်ပါအချက်များနှင့်ငြိစွန်းသည့်လျှောက်လွှာကိုရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ။
(ခ) သတ်မှတ်ချက်စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ။
(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍)
(ဃ) လျှောက်လွှာပိတ်ရက်ထက်နောက်ကျပေးပို့သည့်လျှောက်လွှာများ။

၆။ သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။

၂၀၁၉ခုနှစ်၊အောက်တိုဘာ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်။
(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။
(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။
(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂) ပတ်အတွင်း သတင်းပို့တက်ရောက်ခြင်းမရှိက သင်တန်းတက်ခွင့်စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။)

၇။ သင်တန်းတက်ခွင့်ရရှိပါကတက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံကျန်းမာရေးစစ်ဆေးမည်ဖြစ်ပြီး ဆေးစစ်ချက်အောင်မြင်မှသာ သင်တန်းတက်ခွင့်အတည်ပြုမည်ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါကအောက်ပါဌာနများတွင် ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။
(ခ) နေပြည်တော်၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
(သူနာပြုဌာန)(ဖုန်း-၀၆၇-၄၁၁၁၄၈၊၄၁၁၁၄၉၊လိုင်းခွဲ-၈၀၈၊၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ဖိတ်ကြားလွှာ

မဟာသံ့သာရရုပ်ရှင်တော်မြတ်ကြီး၏
နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို
ဇေယျာသိဒ္ဓိကျောင်းတိုက်
မဟာသံ့သာရဘုရားကျောင်း
မင်းကြီးလမ်း၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့နယ်။
၁၃၈၁ ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)
၁၈-၅-၂၀၁၉ရက် (စနေနေ့)
နံနက် ၉း၀၀နာရီတိတိတွင် အခမ်းအနားစတင်
ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကုသိုလ်ယူနိုင်ကြစေရန်
ဖိတ်ကြားအပ်ပါသည်။
၁၇-၅-၂၀၁၉ရက် (သောကြာနေ့) ညနေမှစ၍
ပန်း၊ သစ်သီးများ ကပ်လှူပူဇော်ပြီး ဘုရားအာရုံပြု ပုတီးစိပ်၊
ဆုတောင်းအဓိဋ္ဌာန် ဝင်နိုင်ကြပါသည်။

**ဆရာတော်ဦးကုမာရ**
**ထေရဝါဒဗုဒ္ဓသာသနာပြု-ဩဝါဒါစရိယဆရာတော်အဖွဲ့ဥက္ကဋ္ဌ**
**ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc (Maths)**
**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့်**
**ပါရမီရှင် ဘုရားဒါယကာ ဒါယိကာမများ**

## သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်းများဖွင့်လှစ်ခြင်း

**သင်တန်းမှူး ဆရာမဒေါ်ငွေရည်ဦး (သဒ္ဓမ္မဇောတိကဓဇ) နှင့် အဘိဓမ္မာဆရာများမှ ဓမ္မဒါနပို့ချပါသည်။**

| နေရာ | စတင်ဖွင့်လှစ်မည့်ရက် |
|---|---|
| ၁။ မြို့တော်စည်ပင်ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း (မဟာဝိဇယစေတီတော်ရှေ့အနီး) | - မေ ၁၁ရက် နံနက် ၈း၃၀နာရီမှ ၃း၀၀ နာရီထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ အဘိဓမ္မာပထမဆင့်+ တတိယဆင့် |
| ၂။ ဒေါပုံ၊ ဒေဝနိမ္မိတကျောင်း၊ ဝါဆိုမှတ်တိုင် | - မေ ၁၄ ရက် အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ညနေ ၆ နာရီမှ ၈ နာရီ၊ ပထမဆင့်+ဒုတိယဆင့် |
| ၃။ (၂၃)လမ်း၊ အမှတ် ၄၀-၄၂(ပထပ်) - အောက်ဆုံးဘလောက် | ဇွန် ၃ ရက် အပတ်စဉ် တနင်္လာနေ့၊ ညနေ ၆ နာရီမှ ၈ နာရီ ပထမဆင့် |
| ၄။ ကျောက်မြောင်းလမ်း၊ စိန္တာမယဓမ္မာရုံ- (အောင်မင်္ဂလာမှတ်တိုင်မှဝင်ပါ) | ဇွန် ၁ ရက် အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေ ညနေ ၆နာရီမှ ၈ နာရီ ပထမဆင့်+ဒုတိယဆင့် |
| ၅။ ဟုမ်းလမ်း(ပန်းလှိုင်လမ်း) (အာရုတော်ဝင်ရှေ့တည့်တည့်မှဝင်ပါ) | - ဇွန် ၄ ရက် အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ညနေ ၆ နာရီမှ ၈ နာရီ ပထမဆင့်+ဒုတိယဆင့် |

- အသက်(၁၅)နှစ်အထက် မည်သူမဆို တက်ရောက်နိုင်ပါသည်။
- ရက်ရှည်သင်တန်းများမဖွင့်မီ ရက်တိုသင်တန်းများအားလုံး မေလ တစ်လတွင်း ဖွင့်ပါမည်။

ဖုန်း-၀၉-၅၁၀၂၇၇၊ ၀၉-၅၁၅၁၈၁၈ သို့ စုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်မြို့နယ်တရားရုံးတော်**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

ဦးအေးအောင် **နှင့်** ၁။ ဦးဝင်းဗိုလ်
၂။ ဒေါ်မော်မော်ဦး
၃။ ဦးဆန်းဝင်းကြည်

**(တရားလို)** **(တရားပြိုင်များ)**

မွန်ပြည်နယ်၊မော်လမြိုင်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ(ဘ)ဦးကျင်ထွန်း၏သား ဦးဆန်းဝင်းကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလို ဦးအေးအောင်က တစ်ထပ်တိုက်အိမ်တစ်လုံး ဆောက်လုပ်ပေးထားသော လုပ်အားခငွေကျပ်(၇၅)သိန်းနှင့် ယင်းအိမ်ဆောက်လုပ်ရန်စိုက်ထုတ်ချေးထားပေးသောငွေ ကျပ်(၂၀)သိန်း၊ စုစုပေါင်းငွေကျပ်(၉၅)သိန်းတိတိ ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် မေ၁၆ရက်(၁၃၈၁ခုနှစ် ကဆုန်လဆန်း ၁၃ရက်)နံနက် ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာအား ထုချေရှင်းလင်းရန်မော်လမြိုင်မြို့နယ်တရားရုံးသို့ သင်လာရောက်ရမည်။ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်ရုံးသို့သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေယံဖြိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အလက ကျွန်းမာကုန်းကျောင်း၊ အဌမတန်းအောင်မြင်ပြီးသော မောင်ဝေလှိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရေချမ်း ၁၄/ဝခမ(နိုင်)၂၄၂၆၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ-၆၂၁၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတင်ထွန်း (ဘ)ဦးလှမောင် ၉/လဝန(နိုင်)၁၀၉၄၄၆ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးသီတာထွန်း (ဘ)ဦးတင်ထွန်း ၉/လဝန(နိုင်)၂၀၄၇၅၃ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၂၃၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးကျော်ရှိန်း (ဘ)ဦးအောင်ဖြိုး ၉/လဝန(နိုင်)၁၀၉၃၈၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ဖေဝင်း (ဘ)ဦးကျော်ဒင် ၁၂/လမန(နိုင်)၁၁၈၈၆၂ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ချောက်မြို့၊ အမှတ်(၁၄)၊ ဇောတိကရပ်ကွက် နခ/၁၆၈နေ ဒေါ်မြင့်မြင့် ၈/ခမန(နိုင်)၀၄၅၈၃၇ ၏သမီး မနယ်ဥ်မြင့်(ခ)ပုံ့ပုံ့ ၈/ခမန(နိုင်)၁၀၈၇၃၈ သည် မိဘမောင်နှမ၏ဆုံးမမှုကို နာမခံဘဲ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**မိခင်နှင့်မောင်နှမများ**
**ဒေါ်မြင့်မြင့် ၈/ခမန(နိုင်)၀၄၅၈၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ် (၆၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၁ ဧကရှိ နေအိမ်မြေကွက်ကို မူလပိုင်ဆိုင်ခဲ့သူ ဒေါ်ကော့နန်ထံမှ ၈-၈-၂၀၁၈ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်မိတုံကော့အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ လက်ရှိထိ ဒေါ်မိတုံကော့အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် စည်းကြပ်ထမ်းဆောင်နေထိုင်လျက်ရှိပြီး ၁၃-၈-၂၀၁၈ ရက်စွဲပါ ကတိသစ္စာပြုလွှာ (၄၆၆/၂၀၁၈)ကို စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၁၄-၈-၂၀၁၈ ရက်စွဲပါ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ် (၂၈၂/၂၀၁၈)ပြုဆိုတင်ပြလျက် ဒေါ်မိတုံကော့ ၁/ကမန(နိုင်)၀၁၇၁၁၇ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၈၅၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးတင်မောင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နေခြည်သိမ့် (ဘ)ဦးသိန်းအောင် ၈/တတက(နိုင်)၂၃၈၇၈၉ မှ မြေကွက်နေရာချထားပေးသည်မှာမှန်ကန်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/အလောင်းစည်သူ)၊ ဦးပိုင်အမှတ် (၄၉၊ ၅၀၊ ၅၁)၊ ဧရိယာ ၀ ဒသမ ၂၅၉ ဧကရှိ ဦးလှအောင်-ဒေါ်တင်ငွေအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်များအား ဦးလှအောင် (ဘ)ဦးညိုမောင် ၉/တကန(နိုင်)၀၁၃၄၂၃ မှ ဦးတေဇာလင်း ၁၂/ဒပန(နိုင်)၀၄၅၆၁၉၊ ဦးမြင့်ကြိုင် ၉/တကန(နိုင်)၀၆၁၆၇၄၊ ဦးလှဝေ ၉/တကန(နိုင်)၀၉၂၉၂၄ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဦးလှအောင်-ဒေါ်တင်ငွေအမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်၊ ဒေါ်တင်ငွေ သေဆုံးကြောင်းထောက်ခံချက်၊ ဦးလှအောင်မှ တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ် ၄၂/၂၀၁၉၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မှတ်ပုံတင်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်သန်းတင့် ၉/ပမန(နိုင်)၀၅၂၄၈၃ (ဘ)ဦးပွဲအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၀၃၂)ကို ဒေါ်ခိုင်သဇင်ဝင်းမြတ် ၈/ရစက(နိုင်)၁၄၃၁၉၃ (ဘ)ဦးမြသွင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်ရှိ မြေကွက်အမှတ် (ဥ-၄၁၂၆၊၄၁၂၇)၊ ဦးသိန်းငွေး-ဒေါ်မြသီတာ အမည်ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်နေရာချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနေရာချထားခြင်းခွင့်ပြုမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/မစိုးရိမ်အရှေ့၊ ဦးပိုင်အမှတ်(၉ဃ)၊ ဧရိယာ ၀ ဒသမ ၂၄၈ ဧကရှိ ဦးကြွယ်(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ ဧရိယာ ၀ ဒသမ ၂၁၀ ဧကအား ဦးကျော်စိုးမင်း (ဘ)ဦးမင်းသိန်း ၉/ပမန(နိုင်)၀၉၂၃၅၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဦးကျော်ခိုင်(ဘိလစ်) ၉/ပမန(နိုင်)၀၄၁၉၉၃ မှ ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးအမှုအမှတ် (၁၄၄/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၃၃၇၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ရောက်စီအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ကလျာထွေး (ဘ)ဦးအေးသောင် ၁၂/မဂဒ(နိုင်)၀၉၉၉၅၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၉၈၅/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မကျီးတောရပ်ကွက်၊ မုဒိတာလမ်း၊ အိမ်အမှတ် (၁၃/၆)တွင် နေထိုင်သော (ဘ) ဦးစိုးလွင်၏သမီးများဖြစ်သည့် ဒေါ်သူဇာလွင် ၉/ပမန(နိုင်)၁၅၉၅၈၇၊ ဒေါ်သီတာလွင် ၉/ပမန(နိုင်)၂၈၇၈၀၀၊ ဒေါ်သန္တာလွင် ၉/ပမန(နိုင်)၂၈၇၈၀၁ တို့ညီမ (၃)ဦးမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ကျွန်မတို့ညီမ (၃)ဦးနေထိုင်ပိုင်ဆိုင်သော ပျဉ်းမနားမြို့နယ်၊ မကျီးတောရပ်ကွက်၊ မုဒိတာလမ်း၊ အိမ်အမှတ် (၁၃/၆)၊ အရှေ့လားသော် ဦးပု-ဒေါ်မူ နေအိမ်၊ အနောက်လားသော် ဦးထွန်းအောင်-ဒေါ်မြမူနေအိမ်၊ တောင်လားသော် ဦးစိုးမြင့်နေအိမ်၊ မြောက်လားသော် မြသီတာ (၁)လမ်းစသည့်အလား (၄)ရပ်အတွင်းရှိ (၆၀×၆၀)ပေ ကျယ်ဝန်းသောမြေကွက်နှင့်မြေပေါ်ရှိ (၄×၅)ပင်ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ အဆောက်အအုံပါဝင်သောအိမ်နှင့်ဝိုင်းမြေကို ပိုင်ရှင်အစစ်အမှန်များဖြစ်သော ကျွန်မ ဒေါ်သူဇာလွင်၊ ဒေါ်သီတာလွင်နှင့် ဒေါ်သန္တာလွင်တို့ညီမ (၃)ဦးသာ တရားဝင်ပိုင်ဆိုင်ကြောင်း ယနေ့အချိန်ထိမည်သူတစ်ဦးတစ်ယောက်ထံကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ လွှဲပြောင်းထားခြင်းလုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ၁။ ဒေါ်သူဇာလွင် | ၂။ ဒေါ်သီတာလွင် | ၃။ ဒေါ်သန္တာလွင် |
|---|---|---|
| ၉/ပမန(နိုင်)၁၅၉၅၈၇ | ၉/ပမန(နိုင်)၂၈၇၈၀၀ | ၉/ပမန(နိုင်)၂၈၇၈၀၁ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်အမှတ် (ဥ-၁၃၈၀) ဒေါ်ဇင်မာစိုး ၉/ပမန(နိုင်)၂၂၃၄၁၆ (ဘ)ဦးမြသောင်းအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်တင်ညို ၉/ပမန(နိုင်)၁၃၀၂၉၉ (ဘ)ဦးအောင်ညွှန့်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၃၁၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးဗိုလ်ဗိုလ်ဝင်းအမည်ပေါက်ပါမစ်မြေကွက်အား ဦးမိုးဇော် (ဘ)ဦးမြဝင်း ၉/ကပတ(နိုင်)၁၄၈၂၈၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

